# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၇၃)




## မင်းဘူး (စကု) မြို့နယ်၏ အထင်ကရနေရာများတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားသဖြင့် လာရောက်လည်ပတ်သူများ အဆင်ပြေစွာလှေ့လာနိုင်မည်

**မင်းဘူး ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု) မြို့နယ်၏ အထင်ကရနေရာများတွင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသဖြင့် လာမည့်ပွင့်လင်းရာသီတွင် ခရီးသွားလာလည်ပတ်သူများ အများအပြား ဝင်ရောက်နိုင်ပြီး အဆင်ပြေချောမွေ့စွာ လေ့လာလည်ပတ်နိုင်မည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင်က ပြောသည်။

မင်းဘူး (စကု) မြို့နယ်အတွင်းသို့ အောက်တိုဘာလနှင့် နိုဝင်ဘာလများ၏ ရုံးပိတ်ရက်ရှည်ကာလများတွင် ခရီးသွားလာမှု အများအပြားရှိသလို လာမည့်ပွင့်လင်းရာသီကာလ


*စာမျက်နှာ ၄ ကော်လံ ၄* ❑


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရန်ကုန်-မော်လမြိုင် ရထားခရီးစဉ်သစ် ယနေ့ညစတင်ပြေးဆွဲ၊ စီးနင်းလိုက်ပါသူ ခရီးသည်များပြား

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာ့မီးရထားမှ ရထားစီး ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် ရန်ကုန်- မော်လမြိုင် ညရထားခရီးစဉ်ကို ယနေ့ည ၈နာရီမှ စတင်ပြေးဆွဲပေးခဲ့ရာ ခရီးသွားပြည်သူများ စီးနင်းမှုများပြားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မြန်မာ့မီးရထား သွားလာပို့ဆောင်ရေးဌာန တိုင်းမန်နေဂျာ ဦးဇော်လွင်က "ရန်ကုန်-မော်လမြိုင်ရထားခရီးစဉ်က နေ့ဘက်မှာ အမှတ် ၈၉ အဆန်၊ အမှတ်၉၀ အစုန် ပြေးဆွဲပေးနေပါတယ်။ ရန်ကုန်နဲ့ မော်လမြိုင်မှာ ခရီးသွားလာမှုများလာတဲ့အတွက် ညခရီးစဉ် ထပ်မံတိုးချဲ့ပြေးဆွဲရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ည စတင်ပြေးဆွဲသည့် ရန်ကုန်-မော်လမြိုင် အမှတ် ၈၁ အဆန်ရထားသည် ရန်ကုန် ဘူတာကြီးမှ ည ၈ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မော်လမြိုင်ဘူတာသို့ နံနက် ၄ နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် မော်လမြိုင် ဘူတာမှ ည ၈ နာရီတွင် စတင်ထွက်ခွာမည့် အမှတ် ၈၂ အစုန် ရထားသည် ရန်ကုန်ဘူတာကြီးသို့ နံနက် ၄ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရထားတွင် ရိုးရိုးတန်း ငါးတွဲ၊ အထက်တန်း ငါးတွဲ၊ ဘရိတ်တွဲ တစ်တွဲ စုစုပေါင်း ၁၁ တွဲ ပါရှိမည်ဖြစ်သည်။ အထက်တန်း ငါးတွဲတွင် တစ်တွဲလျှင် ခရီးသည် ၃၃ ဦး လိုက်ပါစီးနင်းနိုင်ပြီး ရိုးရိုးတန်း ငါးတွဲတွင် တစ်တွဲလျှင် ခရီးသည် ၆၈ ဦး လိုက်ပါစီးနင်းနိုင်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❍





**ယနေ့ မာတိကာ**

အများသိစေရန် ကြေညာခြင်း — ပြည်တွင်းသတင်း — စာ - ၅

ပြည်နယ် စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်လာစေမည့် ဗလမင်းထင် တံတား အမှတ် (၂) — ဆောင်းပါး — စာ - ၁၁

အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System – PR) အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ — စကားဝိုင်း — စာ - ၁၆

# မိသားစုကျန်းမာ၊ စရိတ်ကုန်ကျသက်သာ

ခန္ဓာကိုယ်အတွက်လိုအပ်သော အာဟာရဓာတ် ခြောက်မျိုးတွင် အဆီဓာတ်လည်း ပါဝင်သည်။ သီးနှံများဖြစ်သည့် ပဲ၊ နှမ်း၊ နေကြာ စသည်တို့မှရရှိသော ဆီအမျိုးမျိုးနှင့် ဝက်၊ အမဲ စသည့် တိရစ္ဆာန်အဆီများမှရရှိသော အဆီဓာတ်သည် အင်အားဖြစ်စေသော အဆီအုပ်စုတွင်ပါဝင်သည်။ သို့ရာတွင် လိုအပ်သည့် ပမာဏထက်ပို၍ စားသုံးနေမည်ဆိုပါက အင်အားဓာတ်လွန်ကဲလာစေပြီး ကိုယ်အလေးချိန် တိုးလာမည်ဖြစ်သည့်အပြင် ရေရှည်တွင် နှလုံးသွေးကြောကျဉ်း၊ သွေးတိုး၊ ဆီးချို၊ အသည်းအဆီဖုံး၊ အဝလွန်၊ အဆစ်ရောင် စသည့်ရောဂါများ ဝင်ရောက်လာမည်ဖြစ်သည်။

မိမိတို့ နေ့စဉ်စားသုံးနေကြသည့် အစားအစာများထဲတွင် လူ့ခန္ဓာကိုယ်အတွင်းရှိ ကောင်းသော ကိုလက်စထရောကို မြှင့်တင်ပေးပြီး မကောင်းသော ကိုလက်စထရောကို လျှော့နည်းစေသည့် မိုနို မပြည့်ဝဆီများ၊ ယင်းကိုလက်စထရော နှစ်မျိုးစလုံးကို လျှော့နည်းစေသည့် ပိုလီ မပြည့်ဝဆီများ၊ ကိုလက်စထရောနှစ်မျိုးစလုံးကို မြင့်တက်စေသည့် ပြည့်ဝဆီများနှင့် အသွင်ပြောင်းဆီများ ပါဝင်လျက်ရှိသည်။ မြေပဲဆီ၊ ထောပတ်သီးဆီ၊ သံလွင်ဆီ၊ နေကြာဆီ၊ နှမ်းဆီ စသည့်သီးနှံတို့မှရရှိသော မပြည့်ဝဆီတို့ကို ကျန်းမာရေးအရ သင့်တင့်စွာ စားသုံးရန်၊ စားအုန်းဆီနှင့် အမဲဆီ၊ ဝက်ဆီ စသော ပြည့်ဝဆီတို့ကို တတ်နိုင်သမျှ လျှော့စားရန်နှင့် အာလူးကြော်၊ ကြက်ကြော်၊ စမူဆာ၊ ပဲကပ်ကြော် အစရှိသော ဆီကြော်မုန့်များတွင် ပါဝင်နေသည့် အသွင်ပြောင်းဆီများကို တတ်နိုင်လျှင် လုံးဝမစားရန် ကျန်းမာရေးပညာရှင်တို့က တိုက်တွန်းထားသည်။

အသွင်ပြောင်းဆီဆိုသည်မှာ မူလက မပြည့်ဝဆီများပင်ဖြစ်စေကာမူ တာရှည်အပူပေးခြင်း၊ ပြန်ကြော်ဆီများအဖြစ် ထပ်တလဲလဲ အသုံးပြုခြင်းဖြင့် အသွင်ပြောင်းဆီအဖြစ်သို့ ရောက်ရှိသွားပြီး နှလုံးသွေးကြောဆိုင်ရာ ရောဂါမှသည် ကင်ဆာရောဂါအထိ ဖြစ်နိုင်ခြင်းကြောင့် အသွင်ပြောင်းဆီကို မစားကြရန် တိုက်တွန်းနှိုးဆော်မှုများ ပြုနေကြခြင်းဖြစ်သော်လည်း လူအများ ကြိုက်နှစ်သက်စွာ နေ့စဉ်ဝယ်ယူစားသုံးနေကြသည့် အစားအစာများမှာ ပြန်ကြော်ဆီ၊ အသွင်ပြောင်းဆီ အစားအစာများဖြစ်နေကြသည်။ သို့ဖြစ်ရာ နေ့စဉ်အိမ်တွင် ချက်ပြုတ်စားသောက်နေသည့် ဟင်းလျာများနှင့် ဆိုင်မှ ဝယ်ယူစားသုံးနေကြသည့် အစားအစာများတွင် ပါဝင်နေသည့် ဆီပမာဏတို့ကို မိမိတို့၏ ကျန်းမာရေးအတွက် သတိပြု၍ ချင့်ချိန်စားသုံးကြရန် လိုအပ်လာသည်။ ထို့အပြင် မိမိတို့ ဝယ်ယူချက်ပြုတ်စားသုံးနေကြသည့် ဆီများ၏ အရည်အသွေးတို့ကိုလည်း အန္တရာယ်ကင်းအောင် ဂရုတစိုက် စိစစ်ရွေးချယ်ရန်လည်း လိုအပ်လာသည်။

မြန်မာတို့ ဆီစားသုံးမှု များပြားနေခြင်းကြောင့် ဆီစားသုံးမှု လျှော့ကြရန် အစိုးရအဆက်ဆက် တိုက်တွန်းခဲ့ကြခြင်းမှာ ပြည်ပမှ အမြောက်အမြား ဝယ်ယူတင်သွင်းနေရခြင်းကြောင့် ဖြစ်သလို ကျန်းမာရေးဘက်တွင်လည်း ဝန်ထုပ်ဝန်ပိုး လျှော့စေခြင်းငှာ ဖြစ်သည်။ လူတစ်ဦးချင်းအနေဖြင့်ဆိုလျှင်လည်း လိုသည်ထက်ပို၍ စားသုံးမိနေသော ဆီပမာဏကို လျှော့ချစားသုံးမည်ဆိုပါက ငွေကုန်ကြေးကျသက်သာလာမည်ဖြစ်သည့်အပြင် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပေါ်လာနိုင်သည့်အလားအလာကို လျှော့ကျသွားစေမည်ဖြစ်သည်။ စွဲမြဲနေသည့် အမူအကျင့်၊ အလေ့အထတို့မှာ ပြုပြင်ရန် ခဲယဉ်းကြသော်လည်း ရောဂါအန္တရာယ်နှင့် အသက်ဘေးတို့အထိ ဆိုက်ဆိုက်မြိုက်မြိုက် ကြုံတွေ့လာရသည့်အခါတွင်မူ မဖြစ်မနေပြုပြင်ကြရသည်ဖြစ်ရာ ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီစားသုံးမှု ပုံသဏ္ဌာန်သို့ ပြောင်းလဲစားသုံးကြခြင်းဖြင့် မိသားစုကျန်းမာ၊ စရိတ်ကုန်ကျမှုသက်သာသည့် နှစ်ဖြာသော အကျိုးတို့ ရရှိကြပါစေကြောင်း။ ။






## ညအပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနေမည်။

မိုး/ဇလ

# (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၁**

(၇၅) နှစ်မြောက် စိန်ရတု တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်တပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ဒီဇင်ဘာ ၈ ရက်မှစ၍ သက်ဆိုင်ရာနယ်မြေခံ တပ်မတော်ဆေးရုံများတွင် ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲများကို သက်ဆိုင်ရာနယ်မြေအလိုက်မှ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ လေတပ်စခန်းမှူးများ၊ အုပ်မှူးများ၊ တာဝန်ရှိသူများနှင့် စုပေါင်းသွေးလှူဒါန်းမည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များအား သွေးလှူဒါန်းနိုင်ရေး အတွက် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး စုပေါင်းသွေးလှူဒါန်းကြသည်။

ယင်းသို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို သက်ဆိုင်ရာတပ်အလိုက်မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး (ဝဲပုံ) သွေးလှူဒါန်းသူများအား အားဖြည့်ဆေးဝါးများ၊ အချိုရည်နှင့် အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၅၁၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၅၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#** ၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Russian State Atomic Energy Corporation "ROSATOM") တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ



မြန်မာ-ရုရှား နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Russian State Atomic Energy Corporation "ROSATOM") တို့ ပူးပေါင်းဆောင်ရွက်ကြမည့် စီမံကိန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာ-ရုရှား နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Russian State Atomic Energy Corporation "ROSATOM") တို့ ပူးပေါင်းဆောင်ရွက်ကြမည့် စီမံကိန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲက နေပြည်တော်ရှိ ရုံးအမှတ် (၂၇) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွာခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ROSATOM မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားများပြောကြား**

ရှေးဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Russian State Atomic Energy Corporation "ROSATOM") မှ ကိုယ်စားလှယ်တစ်ဦးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲကို တေးသံသာများ ဖျော်ဖြေတင်ဆက်မှုနှင့်အတူ ကျင်းပသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော် တို့က ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် "ROSATOM" မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုဆုငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှည့်လည်သွားရောက်ခဲ့**

အဆိုပါ ရုရှားကိုယ်စားလှယ်အဖွဲ့သည် ယခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြပြီး နေပြည်တော်၊ ရန်ကုန်နှင့် အင်းလေးဒေသများသို့ လှည့်လည်သွားရောက်ခဲ့ကြရာ ၎င်းညွှန့်သည်အဖွဲ့များ၏ မြန်မာနိုင်ငံအပေါ် အမြင်နှင့် ရင်တွင်းစကားကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။




Palamarchuk Igor (Deputy Director)



Zhukova Ekaterina (key account director)

**Palamarchuk Igor (Deputy Director)**

မင်္ဂလာပါ မြန်မာနိုင်ငံကို ရောက်တာ ဒုတိယအကြိမ်မြောက်ဖြစ်ပါတယ်။ ပထမအကြိမ်ကတော့ စက်တင်ဘာမှာ ရောက်ရှိတာဖြစ်ပါတယ်။

မြန်မာနိုင်ငံက မိတ်ဆွေသင်္ဂဟတွေကို ရုရှားကို ယဉ်ကျေးပျူငှာစွာ ဖိတ်ခေါ်ချင်သလို ရုရှားတွေကိုလည်း မြန်မာနိုင်ငံကို မိတ်ဆွေသဘောမျိုး ယဉ်ကျေးပျူငှာစွာ ခေါ်ယူချင်ပါတယ်။ မြန်မာနိုင်ငံကို ကျွန်တော့်အနေနဲ့ လာရောက်ရတာ လွန်စွာပျော်ရွှင်ဝမ်းသာပါတယ်။

မြန်မာနိုင်ငံကို လာရောက်တဲ့အခါမှာ စွမ်းအင်ကဏ္ဍအပြင် အခြားစီးပွားရေးကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံကို ရုရှားနိုင်ငံအနေနဲ့ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပြီး ကူညီသွားပါမယ်။ ရှေ့ဆက်ပြီးတော့လည်း တစ်ဆင့်ချင်းတစ်ဆင့်ချင်း ကူညီသွားဖို့ ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ စွမ်းအင်ကဏ္ဍများစွာ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ နည်းပညာကဏ္ဍမှာလည်း ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်သေးတဲ့အတွက် ဒီလိုကဏ္ဍတွေမှာ များစွာကူညီသွားဖို့ရှိပါတယ်။ ဒီခရီးစဉ်မှာလည်း အဲဒီကဏ္ဍတွေ ဖွံ့ဖြိုးသွားဖို့အတွက် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**Zhukova Ekaterina (key account director)**

မင်္ဂလာပါ ကျွန်မအနေနဲ့ မြန်မာနိုင်ငံကို လာရောက်တာ ငါးကြိမ်မြောက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို လာရောက်တဲ့အချိန်မှာ မြန်မာလူမျိုးတွေရဲ့ ဖော်ရွေမှုတွေကို တွေ့ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ မြန်မာနိုင်ငံကို ထပ်ခါ ထပ်ခါ လာရောက်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာလူမျိုးတွေကိုလည်း ရုရှားနိုင်ငံကို လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ပါတယ်။

မြန်မာနိုင်ငံမှာ ရှိနေတဲ့အချိန်မှာ ရောက်ခဲ့တဲ့ နေရာတွေကတော့ ရန်ကုန်၊ နေပြည်တော်နဲ့ အင်းလေးဒေသတွေ ဖြစ်ပါတယ်။ အင်းလေးကို သွားရောက်လည်ပတ်တဲ့အခါ တော်တော်ပျော်သွားပါတယ်။ ကမ္ဘာရဲ့ ဘယ်နေရာမှ မရှိတဲ့ အတွေ့အကြုံမျိုးကို ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံက အမြဲတမ်း စိမ်းလန်းစိုပြည်နေတယ်။ ရုရှားတွေအနေနဲ့ မြန်မာနိုင်ငံကို လာရောက်တဲ့အချိန်မှာ မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ တောတောင်သဘာဝအလှတွေကို အလွန်ပဲနှစ်သက်ပါတယ်။

ကျွန်မအနေနဲ့ နောက်ထပ်သွားရောက်ချင်တဲ့ မြို့ကတော့ မန္တလေးမြို့ဖြစ်ပါတယ်။ မန္တလေးမြို့ရဲ့ အထင်ကရ နေရာတွေကို ကျွန်မအနေနဲ့ ကြားဖူးသိဖူးပါတယ်။ ကျွန်မအနေနဲ့ သွားရောက်ပြီးတော့ လည်ပတ်ချင်ပါတယ်။

ကျွန်မတို့ ဒီ ROSATOM အနေနဲ့ မြန်မာနိုင်ငံကို စွမ်းအင်ကဏ္ဍတွေအပြင် အခြားကဏ္ဍတွေမှာလည်း များစွာ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆက်လက်ပြီး လုပ်ဆောင်သွားမယ့် အရာတွေ အများကြီးရှိပါတယ်။

လျှပ်စစ်ကဏ္ဍအနေနဲ့ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့အတွက် အများကြီးအထောက်အကူပြုပါတယ်။ ရုရှားနိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံကို ရေအားလျှပ်စစ်ကဏ္ဍတွေမှာလည်း အထောက်အပံ့ကောင်းတွေ အများကြီးပေးသွားဖို့ ရှိပါတယ်။

**သတင်းစဉ်**

---

## မိုင်းယောင်းတွင် သမိုင်းဝင်အထင်ကရနေရာများ၌ လာရောက်လည်ပတ်သူ များပြား

**မိုင်းယောင်း ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ်တွင် မြို့၏ သမိုင်းဝင် အထင်ကရနေရာများ၌ ဒီဇင်ဘာ ၁၁ ရက်က ရပ်နီးရပ်ဝေးမှ ဘုရားဖူးညွှန့်သည်များနှင့် လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မိုင်းယောင်းမြို့၏ သမိုင်းဝင် အထင်ကရနေရာများဖြစ်ကြသည့် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ခတ်လုံစွမ်ယောင်း (ထပ်လုံ) စေတီ၊ သက်တမ်း နှစ် ၂၀၀၀ ကျော်ရှိ ဗောဓိရွှေညောင်ပင် (မိုက်ဆလီခမ်း) နှင့် ဖပီလုံပါဝုန်း (စျာန်ရကိုရင်ကြီး)တောရကျောင်း၌ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရပ်နီးရပ်ဝေးမှ ဘုရားဖူးညွှန့်သည်များနှင့် လာရောက်လည်ပတ်သူများ၊ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေကြသူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ဒေသအတွင်း ပြည်တွင်း/ ပြည်ပခရီးသည်များ ပိုမိုလည်ပတ်လာရေး၊ အင်းလေးကန် သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော်  ဒီဇင်ဘာ  ၁၁**

သဘာဝအလှအပကို ကြည့်ရှုခံစားလိုကြသော ဧည့်သည်များ စိတ်ချမ်းမြေ့ ကြည်နူးကြစေရန် သာမက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အစဉ် သန့်ရှင်းသာယာလှပရေးကိုပါ စနစ်တကျ စီမံဆောင်ရွက်စေလိုပါကြောင်း၊ ခရီးသွားများ တစ်ဆထက် တစ်ဆပိုမိုလာရောက် လည်ပတ်လာပါက ဖြစ်ပေါ်လာနိုင်သည့် အမှိုက်သရိုက်များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိုမှတစ်ဆင့် ကျန်းမာရေးထိခိုက်မှု မရှိစေရန်အတွက် အသိပညာပေးမှု၊ ကြီးကြပ်ထိန်းသိမ်းမှုနှင့် အခါမလပ်မပြတ် နှိုးဆော်ပြုပြင်မှုများကို အထူးအလေးထားဆောင်ရွက်စေလိုပါကြောင်း ယမန်နေ့နံနက်ပိုင်းက ကလောမြို့နယ် ရေယောင်းမကျေးရွာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသော ရေယောင်းမကျေးရွာ လူထုအခြေပြုခရီးသွားလုပ်ငန်းနေရာသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က တာဝန်ရှိသူများကို မှာကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလောဂါးဒင်းဟိုတယ်သို့ရောက်ရှိပြီး ကလောမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့မှ အဖွဲ့ဝင်များကို တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကလောမြို့သည် မြန်မာနိုင်ငံ၏ အဓိကဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသတစ်ခု ဖြစ်ပါကြောင်း၊ ယခုအခါ ကလောမြို့ကို ခရီးသွားမြို့တော်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်စီမံကွပ်ကဲပေးမှုကြောင့် မကြာခင်ကာလတွင် ကလောမြို့မှာ ခရီးသွားမြို့တော်အဖြစ် ပိုမိုထင်ရှား လူသိများလာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဖြစ်ပေါ်လာအောင် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့ရှိ ဟူပင်ခေါင်တိုင် ဟိုတယ်သို့ရောက်ရှိကာ အင်းလေးကန်အတွင်း ဒိုက်ဗေဒါနှင့် အမှိုက်သရိုက်များ ရှင်းလင်းထားရှိမှု၊ ကန်ရေပြင်နှင့် ထိစပ်နေသော ဟိုတယ်များ၏ ရေလမ်းကြောင်းအဝင်အထွက်များ ရှင်းလင်းထားရှိမှုတို့ကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့်အတူ ညောင်ရွှေမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်းတွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အင်းလေးကန်ဖြတ်စက်ဘီးစီးပွဲတော်-၂၀၂၂ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ (ဓာတ်ပုံ)

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားများပြောကြားကြပြီး သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ အဆိုပါ စက်ဘီးစီးပွဲတော်တွင် စက်ဘီးစီးဝါသနာရှင် ၄၇၀ တို့က ကီလိုမီတာ ၃၀ နှင့် ၁၅ ကီလိုမီတာ ခရီးစဉ်တို့ကို စီးနင်းခဲ့ကြပြီး ကီလိုမီတာ ၃၀ ၌ အင်းလေးကန်သို့ အရောက်တွင် စက်လှေတစ်စင်းလျှင် စက်ဘီး ငါးစီးနှုန်းတင်ဆောင်၍ အင်းလေးကန်ကို ဖြတ်ကျော်ကာ ဆက်လက်စီးနင်းခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီးတို့က ဆုများ ချီးမြှင့်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့ရှိ ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း ပြည်တွင်း/ ပြည်ပခရီးသည်များ ပိုမိုလည်ပတ်လာရေး၊ အင်းလေးကန် သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ခေါင်းဆေးကျွန်း ဆိပ်ခံတံတား တည်ဆောက်ပြီးစီးနေမှု ကြည့်ရှုစစ်ဆေး



**မော်လမြိုင်  ဒီဇင်ဘာ  ၁၁**

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့် သမိုင်းဝင်ခေါင်းဆေးကျွန်း စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုရာတွင် သွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ ခေါင်းဆေးကျွန်း ဆိပ်ခံတံတား တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။ (ဓာတ်ပုံ)

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဆိပ်ခံတံတား တည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးက ခေါင်းဆေးကျွန်းဆိပ်ခံ ကွန်ကရစ်တံတား၊ Balley Bridge နှင့် ဆိပ်ခံ တည်ဆောက်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆိပ်ခံတံတား ရေရှည်အသုံးပြုနိုင်ရေးနှင့် သတ်မှတ်အရည်အသွေး ပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ခေါင်းဆေးကျွန်း ဆိပ်ခံတံတားကို မော်လမြိုင်မြို့နယ်အတွင်းရှိရေလမ်းခရီးဖြင့်သွားလာရသော ကျွန်းပေါ်ကျေးရွာအုပ်စုများဖြစ်သည့် ကော့တွန်၊ ကော့စိန်၊ ကော့ပေါက်ကျေးရွာအုပ်စုများရှိ ဒေသခံများပါ ဆိပ်ခံတံတားအဖြစ်လည်း အသုံးပြုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

"ယနေ့ည ၈ နာရီမှာ ရန်ကုန်ဘက်ခြမ်းက စထွက်မယ့် ရထားက အမှတ် ၈၁ အဆန် လေအိတ်ရထားဖြစ်ပါတယ်။ မနက်ဖြန်ညဆို မော်လမြိုင်ကနေ ဆင်းလာမယ်။ အခုလက်ရှိမှာတော့ အထက်တန်းတွဲ ငါးတွဲလုံး လက်မှတ်ရောင်းပြီးသွားပါပြီ။ ရိုးရိုးတန်း ငါးတွဲကတော့ နည်းနည်းပဲကျန်တော့တယ်။ ရထားတွဲတွေကတော့ အသစ်တွေပါပဲ။ သန့်ရှင်းသပ်ရပ်မှုကောင်းအောင် ဆောင်ရွက်ပေးထားတယ်။ ခရီးသည်တွေ လိုအပ်တဲ့ အကူအညီပေးနိုင်အောင် ရထားတွဲတွေမှာ တွဲထိန်းဝန်ထမ်းတွေ ထည့်ပေးထားတယ်။ လုံခြုံရေးနဲ့ပတ်သက်ပြီး ရထားအလိုက် လက်မှတ်စစ်အဖွဲ့တွေ၊ မီးရထားရဲတပ်ဖွဲ့တွေ စီစဉ်ဆောင်ရွက်ပေးထားတယ်" ဟု တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောသည်။

ယနေ့ည ရန်ကုန်ဘူတာမှ စတင်ထွက်ခွာမည့် ရထားသည် လမ်းဘူတာများဖြစ်သည့် တိုးကြောင်လေးဘူတာ၊ ပဲခူးဘူတာ၊ သထုံဘူတာနှင့် ပေါင်မြို့ဘူတာတို့တွင် ခရီးသည်များ အတက်အဆင်းပြုလုပ်နိုင်ရန် ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့မီးရထားအနေနဲ့ ခရီးသည်တွေရဲ့ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ကြိုးစားဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ နောင်လည်း ခရီးသည်တွေရဲ့ လိုအပ်ချက်ကိုကြည့်ပြီး မြန်မာ့မီးရထားအနေနဲ့ လိုအပ်ချက်မရှိအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယနေ့ညမှစတင်ကာ ခရီးသစ်ပြေးဆွဲသည့် ရန်ကုန်-မော်လမြိုင် ညရထား လက်မှတ်များကို ရန်ကုန်ဘူတာကြီးတွင် သုံးရက်ကြိုတင် ရောင်းချပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် ဝယ်ယူနိုင်ကြောင်း၊ လက်မှတ်ခနှုန်းထားအနေဖြင့် အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၇၀၅၀၊ ရိုးရိုးတန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၃၅၅၀ သတ်မှတ်ထားကြောင်း သိရသည်။

**နေလင်း (MNA)**

❑ *ရှေ့ဖုံးမှ*

ဖြစ်သော ဒီဇင်ဘာလမှ ဧပြီလများတွင်လည်း တန်ခိုးကြီး ဘုရားများနှင့် အထင်ကရနေရာများဖြစ်သော မန်းရွှေစက်တော်ဘုရား၊ ဆင်စခန်း၊ ရွှေသမင်နှင့် ကြယ်လိပ်ခြံများ၊ စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ ဓာတ်တော်ကုန်းဘုရား၊ ရှင်မင်းဘူးဘုရား၊ ထေရ်ကြီးစေတီနှင့် သမုဒ္ဒဂီရိမြစေတီမြတ်ကြီးတို့တွင် ခရီးသွားများ များပြားနိုင်ကြောင်းလည်း သိရသည်။

ထိုကဲ့သို့ ခရီးသွားပြည်သူများကို မိမိတို့ဒေသရှိ အထင်ကရနေရာများ၊ တန်ခိုးကြီးဘုရားများ၊ သမိုင်းဝင်နေရာများ၊ တောတောင်ရေမြေနှင့် သဘာဝအလှအပများကို ခရီးသွားပြည်သူများ သိရှိစေပြီး လာရောက်လေ့လာလည်ပတ်၍ သိမြင်ခံစားနိုင်စေရန် ခရီးသွား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြောပြ၍ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်လီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**မော်လမြိုင်  ဒီဇင်ဘာ  ၁၁**

မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်လီမိတက်၏ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်နှင့် (၁-၁၀-၂၀၂၁) မှ (၃၁-၃-၂၀၂၂) ထိ ကြားကာလ ခြောက်လ ဘဏ္ဍာရေးနှစ်တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မော်လမြိုင်မြို့ ဈေးကြိုရပ်ရှိ အဆိုပါ အသင်းစုချုပ်ရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မွန်ပြည်နယ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစိုးတင့်က ဆောင်ရွက်ခဲ့ပြီး ပြည်နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေး က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအား ဖတ်ကြားရှင်းလင်း၍ ဆွေးနွေးသဘောတူညီချက်ရယူကာ အတည်ပြုချက် ရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော်  ဒီဇင်ဘာ  ၁၁**

ထူးခြားသည့် ညအပူချိန်များမှာ မိုင်းယန်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့နှင့် နမ့်စန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့၊ ဟားခါးမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်နိုင်ရေးနှင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ ဗိုလ်ရှုခံတွင် ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ သက်ဆိုင်ရာအခမ်းအနားများအလိုက် (၂၀-၁၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ဖိတ်ကြားရေးဆပ်ကော်မတီ (ပြည်ထဲရေးဝန်ကြီးဌာန)**

ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅ )၊ (၀၆၇-၃၄၁၂၇၁၆)

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြိုဆိုနေရာချထားရေးဆပ်ကော်မတီ (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**

ဖုန်းနံပါတ် (၀၆၇-၃၄၀၈၄၃၆)၊ (၀၉ -၅၅၅၉၅၅၁၁၀)၊ (၀၉၂၀၃၅၅၀၂)

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)**

ဖုန်းနံပါတ် (၀၆၇-၃၄၁၂၀၅၄)၊ (၀၆၇-၃၄၁၂၆၅၅)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေသတွင်း MSME ထုတ်ကုန်ပြခန်းများဖြင့် ပြသနိုင်ရေးနှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

မြစ်ကြီးနား ဒီဇင်ဘာ ၁၁

**ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဒေသထုတ်ကုန်များ ပြခန်းများပြသနိုင်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပသည်။** (ယာပုံ)



တွေ့ဆုံပွဲတွင် ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်/ အလှကုန်ပစ္စည်းများထုတ်လုပ်သည့် MSME လုပ်ငန်းများစွာ ရှိနေပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ဒေသထုတ်ကုန်များ တိုးတက်မြင့်မားလာစေရေးနှင့် ပြည်တွင်း/ ပြည်ပဈေးကွက်ရရှိရေးအတွက် ပံ့ပိုးကူညီပေးရမည့် ကိစ္စရပ်များ၊ ထောက်ပံ့မတည်ပေးခြင်းများကို အလေးထား လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ဒေသထုတ်ကုန်များ ဈေးကွက်တွင်း ခိုင်မာအားကောင်းလာစေရေးအတွက် ပြခန်းများ ပြသနိုင်ရေး ဝိုင်းဝန်းပူးပေါင်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ အေဂျင်စီအဖွဲ့ဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များက (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့နှင့် ကချင်ပြည်နယ်နေ့တို့တွင် ဒေသထွက် စိုက်ပျိုးသီးနှံများ၊ အသင့်စား စားသောက်ကုန်များ၊ စက္ကူဂျုပ်ဖာနှင့် တိုင်းရင်းဆေးဝါးများ၊ ပယင်း၊ ကျောက်မျက်/ ကျောက်စိမ်း အချောထည်များ၊ သစ်သားပန်းပု၊ ဝါးလက်မှုအချောထည်များ၊ ရိုးရာ အဝတ်အထည်ပြခန်းများ ထုတ်ဖော်ပြသသွားမည့် အစီအစဉ်များနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ လိုအပ်ချက်၊ အခက်အခဲများကို အသီးသီး တင်ပြဆွေးနွေးခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသထုတ်ကုန် ပြခန်းများပြသရာတွင် ဒေသ၏ရိုးရာဓလေ့ထုံးစံနှင့်အညီ ဖော်ထုတ်ပြသနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့တော်ခန်းမအတွင်း ပြသသွားမည့် ကျောက်စိမ်း/ ကျောက်မျက် အချောထည်ပြခန်းနှင့် မြို့တော်ခန်းမဝင်းအတွင်း ပြခန်းများ တည်ဆောက်ပြီးစီးမှု၊ ပြခန်း တစ်ခန်းချင်းစီအလိုက် ပြသသွားမည့် အစီအစဉ်များကို စနစ်တကျဖြစ်စေရေး လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ပြည်နယ်(ပြန်/ဆက်)

## တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်



နေပြည်တော် ဒီဇင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ (ဝဲပုံ)

### လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတို့၌ ကျင်းပကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကြီးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် အားကစားကွင်း၌ လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီးနှင့် တပ်နယ်အားကစားကွင်းတို့၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့နှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း ကျင်းပပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ ဌာနများ၏ ဒီဇင်ဘာအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၅ နာရီခွဲက ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့ စုရပ်မှ စတင်ကာ စုပေါင်းလမ်းလျှောက်ကြသည်။ **(အောက်ပုံ)**

အဆိုပါစုပေါင်းလမ်းလျှောက်ခြင်းကို အထက်တန်းကျောင်းရှေ့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးအတိုင်း ဝါတိုးရပ်ကွက်ကြီးအတွင်းရှိ ခရိုင်ပြည်သူ့အားကစားကွင်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အားကစားကွင်းအတွင်း၌ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း အတွဲ(၁)နှင့် (၂) ကို ဆောင်ရွက်ခဲ့ကြကာ Myanmar Finish Dance အကဖြင့် လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။




ရမည်းသင်းမြို့နယ်အတွင်း စုပေါင်းလမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ရွှေသိန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၁၅၂၈ ဦးတို့ ပါဝင်ဆင်နွှဲခဲ့ကြပြီး ရမည်းသင်းမြို့နယ်၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းဆောင်ရွက်ခြင်းကို အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အင်းတော်မြို့၌ အားကစားလှုပ်ရှားမှုများ ဆောင်ရွက်

**အင်းတော် ဒီဇင်ဘာ ၁၁**

၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲနှင့် အားကစားလှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၅ နာရီခွဲက အင်းတော်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လူထုလမ်းလျှောက်ပွဲကို ကျင်းပခဲ့ရာ အင်းတော်မြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၊ ဒေသခံပြည်သူများက စုရပ်ဖြစ်သည့် အင်းတော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ ဦးကျော်လမ်းမှ သာယာလမ်း၊ ထိုမှတစ်ဆင့် ကုန်သည်လမ်း၊ မြကန်သာလမ်း၊ အင်းတော်မြို့ပတ်လမ်းတစ်လျှောက် လမ်းလျှောက်ခဲ့ကြပြီး ရွှေဘို -မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးမှ အင်းမြသာယာဘောလုံးကွင်းအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ယင်းနောက် အင်းမြသာယာဘောလုံးကွင်းအတွင်း ကိုယ်လက်လှုပ်ရှား အားကစားလှုပ်ရှားမှုများကို တပျော်တပါး စုပေါင်းပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဒီဇင်ဘာအားကစားလ အားကစားပြိုင်ပွဲများအဖြစ် တာတိုအပြေးပြိုင်ပွဲ၊ ဂုံနီအိတ်စွပ် အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ပူပေါင်းဖောက်ပြိုင်ပွဲ၊ လွန်ဆွဲပွဲများကို အဆိုပါကွင်းအတွင်း ဆက်လက်ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သီဟ**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဒီဇင်ဘာလ ဒုတိယပတ် လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသည့် ကျန်းမာရေးဆောင်ပုဒ်နှင့်အညီ ပြည်သူများကျန်းမာကြံ့ခိုင်စေရေးနှင့် စိတ်လက်အပန်းဖြေစေရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ် စုပေါင်းလူထုလမ်းလျှောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၅ နာရီက ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာရွှေပြည်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ ဒီဇင်ဘာလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်အားကစားကွင်းရှိ မီတာ ၄၀၀ ပြေးလမ်းအား သုံးပတ်လမ်းလျှောက်ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ (၂)တို့ကို မြို့နယ်အားကစားနည်းစနစ်မှူး ဒေါ်သန်းသန်းနွယ်ဦးဆောင်၍ သရုပ်ပြသပေးခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီအသင်းဝင်များ၊ ရပ်ကွက်နေပြည်သူများ အင်အား ၃၅၀ ကျော်ခန့် တက်ကြွစွာ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**





# ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသား ကျောင်းသူများ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၁

**မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ကျင်းပမည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်း ပဟေဠိ–ဒေသတွင်းအဆင့် (10th ASEAN Quiz–Regional Level) ပြိုင်ပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် ယနေ့နံနက်ပိုင်းမှ စတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ခေတ္တတည်းခိုကြမည့် ဟိုတယ်များသို့ ပို့ဆောင်နေရာချထားပေးသည်။**

### ဝင်ရောက်ယှဉ်ပြိုင်ကြမည်

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ၍ နေပြည်တော် MICC– II တွင် ဒီဇင်ဘာ ၁၄ ရက်၌ ခမ်းနားစွာ စီစဉ်ကျင်းပမည်ဖြစ်ရာ အိမ်ရှင်မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဘရူနိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က Online ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အာဆီယံဒေသတွင်းအဆင့် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများကို အာဆီယံအဖွဲ့ဝင် နိုင်ငံများက နှစ်နှစ်တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ယခုနှစ်တွင် ကျင်းပမည့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ–ဒေသတွင်းအဆင့် ( 10th ASEAN Quiz–Regional Level ) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံအလိုက် အသက်(၁၅)နှစ်မှ အသက်(၁၈)နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ခရိုင်အဆင့်၊ ပြည်နယ်အဆင့်နှင့် နိုင်ငံအဆင့်ပြိုင်ပွဲများ အဆင့်ဆင့် ပြုလုပ်၍ နိုင်ငံအလိုက် ပထမ၊ ဒုတိယ၊ တတိယ သုံးဦးစီကို ရွေးချယ်ကြခြင်းဖြစ်သည်။





### အဆင့်ဆင့်စိစစ် ရွေးချယ်

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက စီစဉ်ကျင်းပသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အာဆီယံ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများမှတစ်ဆင့် အသက် (၁၅) နှစ်မှ အသက် (၁၈) နှစ်အတွင်းရှိ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၃၃ ဦးကို ယခုနှစ် မေ ၃၀ ရက်က ရေးဖြေစစ်ဆေးခြင်းနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များဖြင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်၍ ကျောင်းသား ကျောင်းသူ ၁၀ ဦး ရွေးချယ်ခဲ့ကြောင်း၊ ယင်းကျောင်းသား ကျောင်းသူ ၁၀ ဦးအား ယခုနှစ် ဇွန် ၁ ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) Studio–A ခန်းမ၌ 10th ASEAN Quiz (National level) ပြိုင်ပွဲပြုလုပ်၍ ပထမ၊ ဒုတိယ၊ တတိယရရှိသူ သုံးဦးနှင့် အရန်နှစ်ဦး စုစုပေါင်း ငါးဦး ရွေးချယ်ခဲ့ကြောင်း၊ အဆိုပါ ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများအား အာဆီယံ အသိုက်အဝန်းနှင့် မဏ္ဍိုင်အသီးသီး၏ တာဝန်ခံဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပညာရေးဝန်ကြီးဌာနမှ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်နှင့် အင်္ဂလိပ်ဘာသာဆိုင်ရာ ကျွမ်းကျင်သူများက ယခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိ လေ့ကျင့်သင်ကြားပေးခဲ့ကြပြီး နိုင်ငံအဆင့်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ သုံးဦးကို အဆင့်ဆင့်စိစစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ ကျင်းပမည့် နေပြည်တော် MICC–II တွင် ဒီဇင်ဘာ ၁၀ ရက်မှစ၍ အခမ်းအနား ပြင်ဆင်ခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ လေ့ကျင့်ခြင်း၊ ရုပ်သံဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်ခြင်း၊ Network ချိတ်ဆက်ခြင်းနှင့် Quiz360 Software စမ်းသပ်ခြင်းများကို ပြုလုပ်လျက်ရှိသည်။ **သတင်းစဉ်**

---

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းများထုတ်လုပ်ခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၁**

ပဲခူးမြို့နယ် ရွာသစ်ကိုင်းတာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၁၀ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ငှက်ပျောပင်မှ ထွက်ရှိသည့်ချည်ဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးမျိုးအောင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးမျိုးအောင်နှင့် အခမ်းအနား တက်ရောက်သူများက သင်တန်းသား သင်တန်းသူများ ငှက်ပျောပင်မှ ထွက်ရှိသည့် ချည်ဖြင့် ရက်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများအား လိုက်လံ ကြည့်ရှုခဲ့ကြသည်။ (ယာပုံ)

အဆိုပါသင်တန်းအား ဒေသထွက်ကုန်များအပေါ် အခြေခံ၍ ပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ဒီဇင်ဘာ ၁ ရက်မှ ၁၀ရက်အထိ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



# စားသုံးသူပြည်သူများ စားသုံးဆီမပြတ်လပ်ရေး၊ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသော စားသုံးဆီများဖြန့်ဖြူးနိုင်ရေး ဦးတည်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၂

**မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အကြိမ်(၃၀)မြောက် ၂၀၂၁ ခုနှစ် နှစ်ပတ်လည် ပုလဲရတု၏ အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ အကြိမ်(၃၀)မြောက် ပုလဲရတု နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး၏ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ဖြစ်ပေါ်မှုကို အခြေခံပြီး စားသုံးဆီဈေးနှုန်းများမှာလည်း နှစ်ပေါင်းများစွာအတွင်း ဈေးမြင့်တက်လာသည်နှင့် ကြုံတွေ့ရသည့်အတွက် စားသုံးသူပြည်သူများ စားသုံးဆီမပြတ်လပ်ရေး၊ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသော စားသုံးဆီများ ဖြန့်ဖြူးနိုင်ရေးကို ဦးတည်ပြီး အသင်းကဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်၍ ၂၀၂၂ ခုနှစ် မတ် ၆ ရက်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီဝယ်ယူတင်သွင်းနိုင်ရန် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၈၂ သန်း ရောင်းချပေးခဲ့ပြီး အဆိုပါငွေများဖြင့် ဝယ်ယူတင်သွင်းခဲ့သည့်ဆီများကို ရန်ကုန်မြို့ရှိ လက်လီ/ လက်ကားလုပ်ငန်းရှင်များ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လုပ်ငန်းရှင်များသို့ အသင်းခွဲများမှတစ်ဆင့် ရောင်းချပေးခြင်းနှင့် ဈေးကားများဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေါ်လာ ၈၂ သန်းအနက်မှ ၅၉ သန်းနှင့်ညီမျှသောပမာဏဖြင့် အသင်း၏ကြီးကြပ်မှုနှင့်အတူ စားသုံးဆီစုစုပေါင်း ၄၅၂၀၈ ဒသမ ၇၂ တန်ကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့၍ ကုမ္ပဏီများမှ စားသုံးဆီ ၁၇၀၅၁ ဒသမ ၁၃ တန်ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း။

ယခုနှစ်တွင် အသင်းအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးရေး၊ ဆီစက်များ တိုးတက်လာရေးအပါအဝင် စားသုံးဆီတန်ဖိုးကွင်းဆက်တစ်လျှောက်လုံး ပါဝင်သည့် Edibal Oil Industry Value Chain ဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးဆီကဏ္ဍ Edibal Oil Sector တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သွားရေးကိုလည်း အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဆီဖူလုံမှုလိုအပ်ချက်ကြောင့် စားသုံးဆီများကို ပြည်ပမှ တင်သွင်းစားသုံးနေရပြီး ပြည်တွင်း၌ ဆီထွက်သီးနှံများစွာ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီဖူလုံရေးကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အသင်းအနေဖြင့် စားသုံးဆီ Supply Chain တွင် စိုက်ပျိုးသည်မှကြိတ်ခွဲရေး၊ ဆီတင်သွင်းရေး၊ ဖြန့်ဖြူးရေးကိစ္စများကို ပါဝင်ဆောင်ရွက်ရန် လိုအပ်ပြီး ဆီထွက်သီးနှံများစွာ စိုက်ပျိုးထုတ်လုပ်မှုဖြင့် ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းဆီကြိတ်ခွဲထုတ်လုပ်ခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်တွင်းဆီစက်များအနေဖြင့် ပြည်တွင်းဆီဖူလုံရေးအပြင် ပြည်ပသို့တင်ပို့နိုင်ရေးကို ရည်ရွယ်ချမှတ် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းနှင့် အသင်းဝင်များအားလုံး ဆတက်ထမ်းပိုးတို့၍ နိုင်ငံအကျိုး၊ တိုင်းဒေသကြီးအကျိုး၊ အသင်းနှင့် အသင်းဝင်များ အကျိုးနှင့် စားသုံးသူပြည်သူတို့ အကျိုးကို မိမိတို့နိုင်သည့်ဘက်မှ တာဝန်ယူထမ်းဆောင်ပြီး ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆီထွက်သီးနှံ နေကြာစိုက်ဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မိမိတို့ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ငါးဌာနမှ ပြည်ထောင်စုဝန်ကြီး ငါးဦးဖြင့် ဆီထွက် သီးနှံတိုးချဲ့စိုက်ပျိုးရေးကော်မတီအား ၂၀၂၂ ခုနှစ် မတ် ၁ ရက်တွင် ဖွဲ့စည်းခဲ့ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ အဆိုပါကော်မတီ၏ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ၊ တိုးချဲ့စိုက်ပျိုးရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ထွက်ရှိလာသည့် ကုန်ကြမ်းများ ရရှိနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်း ဆီထွက်သီးနှံကုန်ကြမ်းများ လုံလောက်စွာရရှိနိုင်ရေးကို ဆောင်ရွက်နေသကဲ့သို့တစ်ဖက်တွင်လည်း ဆီကြိတ်ခွဲစက်များ အရည်အသွေးမြှင့်တင်နိုင်ရေးနှင့် အသစ်တည်ဆောက်ရေးတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ပြည်တွင်းစားသုံးဆီဖူလုံရေးမှတစ်ဆင့် ပြည်ပသို့ ဆီကောင်း၊ ဆီသန့်များ တင်ပို့ရောင်းချနိုင်ရန် ရည်မှန်း၍ Value Chain တစ်ခုလုံး ချိတ်ဆက်မှုအားကောင်းရန် ဆောင်ရွက်နိုင်ရေးအတွက် အသင်း၏ တာဝန်ရှိသူများအားလုံးနှင့် အသင်းသားများက စည်းလုံးညီညွတ်စွာဖြင့် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးသိန်းဟန်တို့က အမှာစကားပြောကြားပြီး ၂၀၂၁ ခုနှစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးပိုင်ဖြိုးသန့်က ဖတ်ကြားရှင်းလင်းတင်ပြသည်။

၂၀၂၁ ခုနှစ် နှစ်ချုပ်စာရင်း၏ အစီရင်ခံစာကို ငွေအဥ္စလီ Audit Farm ပြင်ပစာရင်းစစ် ဒေါ်သီတာဝင်းက ဖတ်ကြားအတည်ပြုပြီး အကြိမ်(၃၀)မြောက် အသင်းသားစုံညီအစည်းအဝေး၏ သဘာပတိ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးသင်တန်းနှင့် အိမ်ခြံမြေအသိပညာမြှင့်တင်ရေးသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်း (နေပြည်တော်)က ကြီးမှူးကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးသင်တန်းနှင့် အိမ်ခြံမြေ အသိပညာမြှင့်တင်ရေး သင်တန်း အမှတ်စဉ်(၁၀/၂၀၂၂)ကို နေပြည်တော်ရှိ တံ့ဂပူရီ ဟိုတယ်၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ထွန်းက အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်စသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ငွေကြေး ခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ များ၊ မြို့ပြကျေးရွာ မြေယာဥပဒေနှင့် လိုက်နာရမည့် ညွှန်ကြားချက်များ၊ မြေငှားဂရန် လျှောက်ထားခြင်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များ၊ အခွန် အကြောင်းသိကောင်းစရာများနှင့် အကျိုးဆောင်များ လိုက်နာရမည့်ကျင့်ဝတ်များနှင့် အိမ်ခြံမြေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ အစရှိသည့် ဘာသာရပ် ရှစ်ခုကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။ အဆိုပါ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၄၅၀ ကျော် တက်ရောက်လျက်ရှိပြီး ယင်းသင်တန်း ပြီးဆုံးပါက သင်တန်းဆင်း လက်မှတ်နှစ်ခု ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ထုတ်ပြန်လိုက်သည့် အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းဆိုင်ရာ အထွေထွေညွှန်ကြားချက် (၁/၂၀၂၂)အရ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများမှာ မြို့နယ်အဆင့်မှစတင်၍ မှတ်ပုံတင်ရမည်ဖြစ်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ သင်တန်းသို့ တက်ရောက်ပြီးသည့် အထောက်အထား လက်မှတ်ရှိရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ နည်းဥပဒေ၊ ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက် အစရှိသည့် အသိပညာမြှင့်တင်ရေး သင်တန်းများသို့ တက်ရောက်ပါမည်ဆိုသည့် ကတိခံဝန်ချက်၊ အိမ်ခြံမြေ အကျိုးဆောင်အဖြစ် ဆောင်ရွက်မည့်သူ အသုံးပြုမည့် ဘဏ်စာရင်း ဖွင့်လှစ်ထားရှိမှုနှင့် ဘဏ်စာရင်း ရှင်းတမ်းမိတ္တူ အစရှိသည်တို့ ပါရှိမှသာ အိမ်ခြံမြေ အကျိုးဆောင် လိုင်စင်ထုတ်ပေးမည်ဖြစ်သည့်အတွက် လုပ်ငန်းလိုအပ်ချက်အရ ယခုကဲ့သို့ သင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းနှင့် အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများဆိုင်ရာ အသိပညာတိုးပွားစေရေး ပုံမှန်သင်တန်း ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (နေပြည်တော်) ၏ ဥက္ကဋ္ဌဖြစ်သူ ဦးနန္ဒကျော်က ပြောကြားသည်။

ယခုကဲ့သို့ အသိပညာပေး သင်တန်းများကို အသင်းကြီး စတင်တည်ထောင်သည့် ၂၀၁၇ ခုနှစ်က စတင်၍ ၂၀၂၀ ပြည့်နှစ်အထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှ အိမ်ခြံမြေ အကျိုးဆောင် လုပ်ကိုင်သည့် အသင်းသား အသင်းသူများအား အိမ်ခြံမြေဝန်ဆောင်မှု ဆိုင်ရာ အသိပညာပေးသင်တန်း ခုနစ်ကြိမ်ခန့် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ခေတ္တရပ်နားထားကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း သင်တန်းများ ပြန်လည်ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းငါးကြိမ်တွင် သင်တန်းသား သင်တန်းသူ ၃၀၀၀ ကျော်ခန့်ကို ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာနှင့် အိမ်ခြံမြေအကျိုးဆောင်ဆိုင်ရာ အသိပညာများ သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။



**သီဟစည်သူ၊ ဇော်ဘီ**

# ပိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ၊ ဓမ္မပူဇနီယ၊ သံဃပူဇနီယ ပွဲတော် သံဃပူဇာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ ပိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ၊ ဓမ္မပူဇနီယ၊ သံဃပူဇနီယ ပွဲတော် သံဃပူဇာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါ စေတီတော်ရင်ပြင်တော်ပေါ်ရှိ နန်းဦးဘုရားကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် သီဟိုဠ်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒနသာရ အမှူးပြုသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီဟိုဠ်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် (၄၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃပူဇာအဖြစ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက လျှောက်ထား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သီဟိုဠ် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပင့်ဖိတ်ထားသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ် ၁၀၈ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၄၆ ပါးတို့ကို စေတီတော်ရင်ပြင်ပတ်လည်၌ လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူဆက်ကပ် ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေးမှ ကျောင်းသားကျောင်းသူများ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၁**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေးမှ စတုတ္ထနှစ်အောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများ၊ အလုပ်သင်ဆရာဝန်နှင့် ဆရာ ဆရာမများ ပါဝင်သော အဖွဲ့ဝင် ၁၆ ဦးသည် ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေး ပညာဌာန၏ သင်ရိုးညွှန်းတမ်းအရ လူထု သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းစဉ်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ်အတွင်းရှိ သရက်ပုကျေးရွာ၊ နန်ထိုင်းကျေးရွာ၊ ပင်မှီကျေးရွာ၊ အင်းခေါင်းကျေးရွာများတွင် ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၉ ရက်တွင် ကလောမြို့နယ် ပြည်သူ့ဆေးရုံ၌ သက်ကြီးရွယ်အိုများကို သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင် သွားနှင့် ခံတွင်း ကျန်းမာရေး ပညာပေးဟောပြောခြင်း၊ သွားနှင့် ခံတွင်းအခြေအနေ စစ်တမ်းကောက်ယူခြင်း၊ သွားနှင့် ခံတွင်းရောဂါများကို ကုသမှုပေးခြင်းများ ပါဝင်ပြီး ထိုသို့ ဆောင်ရွက်မှုများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ကလောမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ကလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကြက်ခြေနီအဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေပြည်တော်ဝင်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကလင်္ကာရသာမဏေကျော်ကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေး သာသနာ့ရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိမင်းနန္ဒာပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံးပရိယတ္တိစာသင်တိုက်နှင့် သာကေတမြို့နယ်ရှိ ဟင်္သာတအတွင်း ပတ္တမြားပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနာဟိတကာရီကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာမဏေကျော်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ မဟာဝရဇိန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဇေတဝန်အောင်စံကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရက္ခဝတီတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများ က သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက် အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင် နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၁ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) အကြောင်းကို ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) အကြောင်းပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ထားပါတယ်။ စကားပြောပိုင်းမှာလည်း Shortest way to talk about 'Neighbour Complaint' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယမ်အသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ဖွင့်ဆိုချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ်အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) အကြောင်းကို ပိုမိုနားလည်သဘောပေါက်စေဖို့ နမူနာဝါကျများနဲ့သာမက လေ့ကျင့်ခန်းများနဲ့လည်း ဆက်လက်ဖော်ပြလိုက်ပါတယ်။

The past perfect tense is used for an action that was completed before another action took place. It is usually used with words such as 'when', 'after', etc.

- ဖြစ်ရပ်တစ်ခု (ပထမဖြစ်ရပ်)သည် တခြားဖြစ်ရပ် (ဒုတိယဖြစ်ရပ်) တစ်ခုထက် စောပြီးဖြစ်ခဲ့ပါက အဆိုပါဖြစ်ရပ်မျိုးအတွက် Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) ကိုအသုံးပြုသည်။ Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ)နှင့် ဝါကျများကို ရေးသားသောအခါတွင် 'when' နှင့် 'after' တို့ကို သုံးလေ့ရှိသည်။ ဥပမာ–
- When Victor had eaten some bread, he drank a glass of milk.

ဒီဝါကျမှာ ပထမဖြစ်ရပ်သည် had eaten ဖြစ်ပြီး ဒုတိယဖြစ်ရပ်သည် drank ဖြစ်သည်။ ထို့ကြောင့် ဒီနေရာတွင် ဗစ်တာသည် ပေါင်မုန့်စားပြီးနောက် နို့သောက်သည်ဟု အဓိပ္ပာယ်ရသည်။

The past perfect tense is also used in the Indirect or Reported Speech.

- Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) ကို တစ်ဆင့်ခံပြောစကား သို့မဟုတ် သွယ်ဝိုက်ပြောဆိုသည့် စကားပြောများတွင်လည်း အသုံးပြုနိုင်သည်။ ဥပမာ –
- Peter: I have lost my pen.
  May: What did Peter say?
  Tony: He said he had lost his pen.

ဒီနေရာမှာ ပီတာက သူဘောလ်ပင်ပျောက်သွားကြောင်းပြောတယ်။ ဒါကို မေက ပီတာဘာပြောလဲလို့ တိုနီကို မေးတယ်။ တိုနီကဒီနေရာမှာ ပီတာပြောတာကို မေကို တစ်ဆင့်ပြန်ပြောပြတဲ့ ပုံစံနဲ့ "He said he had lost his pen." ဆိုပြီးပြောလိုက်ပါတယ်။ ဒီမှာသတိထားရမှာက တိုနီက မေကို တစ်ဆင့်ပြန်ပြောတဲ့ဝါကျဖြစ်ပါတယ်။ အဲဒီဝါကျမှာ Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) ကို သုံးထားတာကို တွေ့နိုင်ပါတယ်။ ဒါကြောင့် တစ်ဆင့်ပြန်ပြောတဲ့ ဝါကျ သို့မဟုတ် သွယ်ဝိုက်ပြီးပြောတဲ့ ဝါကျတွေမှာ Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ)ကို သုံးတယ်လို့ မှတ်သားနိုင်ပါတယ်။




ဒီ Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) အကြောင်းပိုပြီး နားလည်သွားအောင်လို့ လေ့ကျင့်ခန်းများနဲ့ ဖြေကြည့်ရအောင်ပါ။

Exercise (1) Fill in the blanks with the Past Perfect tense of the verbs in brackets.

e.g. After we ...........(finish) our shopping, we went home.
After we had finished our shopping, we went home.

1. I reached school after the bell ................. (ring)
2. After the game ......... (end), the players left the field.
3. After I .................. (go) out Rose came to my house.
4. We ..........already ..........(finish) our work before the clock struck six.
5. The show .................already................. (begin) when we got there.
6. After he .................. (reach) home, it started to rain.
7. When I .............. (switch) off the light, I went to bed.
8. Before he went to England, he...........never.............. (see) snow.
9. After he ..............(do) the job, he went for a holiday.
10. I ................. (eat) my lunch when they came.

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

Exercise (1) မှအဖြေများ

| | | | |
|---|---|---|---|
| 1. | was having | 2. | were walking |
| 3. | was digging | 4. | was raining |
| 5. | was sleeping | 6. | were dressing |
| 7. | was rushing | 8. | was leaving |
| 9. | were eating | 10. | was running |

Exercise (2) မှအဖြေများ

| | | | |
|---|---|---|---|
| 1. | was reading | 2. | were playing |
| 3. | were you doing | 4. | were fishing |
| 5. | was raining | 6. | were watching |
| 7. | was shining | 8. | was talking |
| 9. | were swimming | 10. | was having |

Exercise (3) မှအဖြေများ

1. was cooking/were working
2. were dancing/was singing
3. was ringing
4. was reading/was cleaning
5. was wearing
6. were laughing
7. Were they painting
8. was watering/was trimming
9. were you doing
10. were not listening/was speaking

## VOCABULARY (IDIOM)

1. to shed crocodile tears (ဟန်ဆောင်ငိုသည်)
   The child wasn't really hurt, but she shed crocodile tears anyway.
2. by hook or by crook (ဘယ်နည်းနှင့်ဖြစ်ဖြစ်၊ တစ်နည်းမဟုတ်တစ်နည်း)
   She was determined to get to London, by hook or by crook.
3. a dare-devil (မိုက်ရူးရဲဆန်ခြင်း)
   Don't try any dare-devil stunts.
4. up to date (ခေတ်မီ၊ နောက်ဆုံးပေါ်)
   She wears clothes that are right up to date.
5. out of date (ခေတ်မမီသော၊ ခေတ်နောက်ကျသော)
   Will Denim jeans ever go out of date?

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about 'Neighbour Complaint'

**ဒီတစ်ပတ်မှာတော့ "Neighbour Complaint" အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about 'Neighbour Complaint' ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**How's it going?**

၁။ တစ်စုံတစ်ယောက်ကို (အခြေအနေ) ဘယ်လိုလဲ ဆိုပြီးမေးတဲ့အခါမှာ How's it going? ဆိုပြီး မေးလေ့ရှိပါတယ်။ ဒါဟာ နေ့စဉ်လူမှုဘဝမှာ ခဏခဏပြောလေ့ရှိတဲ့ စကားပြောပုံစံတစ်ခု ဖြစ်ပါတယ်။ ဥပမာ –

- Hi, Paul. How's it going?

**Over and over again**

၂။ ထပ်ကာထပ်ကာ၊ ခဏခဏ ဆိုပြီး ပြောချင်ရင်တော့ over and over again ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ –

- Over and over again various balls fly over the fence into my yard.

**I'm sorry to + Vinf**

၃။ I'm Adjective + Vinf ပုံစံမျိုးကို မင်းကို ကူညီရတာ ဝမ်းသာပါတယ်။ ကြားရတာ စိတ်မကောင်းပါဘူး။ စသည်ဖြင့် ပုံစံမျိုးတွေမှာ သုံးနိုင်ပါတယ်။ ဥပမာ–

- Oh, I'm sorry to hear that.

**by accident**

၄။ မတော်တဆ ဆိုပြီးပြောတဲ့အခါ by accident ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ–

- They throw the balls into your yard by accident.

**I've got your point**

၅။ ဆိုလိုတာကို သိပြီ၊ ပြောချင်တဲ့အချက်ကို နားလည်ပြီ စသည်ဖြင့် ပြောချင်တဲ့အခါမှာတော့ အခုလို I've got your point ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ –

- Ok, I've got your point, I'll speak to them and tell them to be more careful from now on.

**Conversation**

**Neighbour Complaint**

*How's it going?*

*Over and over again*

*I'm sorry to + Vinf*

*by accident*

*I've got your point*




Mike: Hi, Paul. How's it going?

Paul: I'm all right, thanks. And you?

Mike: I'm fine, thanks. Listen, I've been meaning to talk to you about your children.

Paul: Really? What about them?

Mike: Over and over again various balls fly over the fence into my yard.

Paul: Oh, yes, they're very active kids, full of energy.

Mike: They play a lot in the backyard: soccer, golf, tennis, basketball… you name it. It's just that, er, their balls damage our plants and flowers. It's a bit annoying. And at the same time, it's hard for us to relax when those balls keep flying over our heads.

Paul: Oh, I'm sorry to hear that. But, you know, they mean no harm. They throw the balls into your yard by accident. They're just kids who love playing. We can't keep them inside. We're happy they're not in front of the computer.

Mike: I'm sorry, but you're missing the point. I'm not saying you should keep them inside, just teach them it's not right to disturb their neighbours and destroy their plants.

Paul: Ok, I've got your point, I'll speak to them and tell them to be more careful from now on.

Mike: Thanks, Paul. I really appreciate it.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ပြည်နယ် စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်လာစေမည့် ဗလမင်းထင်တံတား အမှတ် (၂)

ဗညားဦး

**နိုင်ငံ၏ အသက်သွေးကြော မြစ်ရောစတင်ဖြစ်ပေါ်ရာ ပြည်မြန်မာ မြောက်ဖျားပိုင်းရှိ သွေးချင်းတိုင်းရင်းသား ကချင်တို့မြေသည် ရေမြေတောတောင် သဘာဝ အလှအပများနှင့် ပြည့်စုံသည်သာမက တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ထိစပ်နေသည့်အတွက် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အချက်အချာကျသည့် ပြည်နယ်တစ်ခု ဖြစ်သည်။ ထို့ကြောင့် လမ်း၊ တံတား ကွန်ရက်များ ကောင်းမွန်စေခြင်းဖြင့် ပြည်နယ်စီးပွား ၊ နိုင်ငံ့စီးပွားကို အထောက်အကူ ပြုနိုင်ရန်အတွက် ပြည်နယ်အစိုးရအနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်မှုတစ်ခုအနေဖြင့် တရုတ်-မြန်မာနယ်စပ် ကုန်သွယ်မှုလမ်းကြောင်း (ကန်ပိုက်တီနယ်စပ်ကုန်သွယ်မှုလမ်းကြောင်း) အတွက် အရေးပါသည့် ဧရာဝတီမြစ်ကူး (ဗလမင်းထင်) တံတားအမှတ်(၂) ကို ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်စေရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။



ဗလမင်းထင်တံတားအမှတ် (၂) မြစ်ကြီးနားဘက်ကမ်း တည်ဆောက်ရေးလုပ်ငန်းများကို တံတားအမှတ် (၁)နှင့် ယှဉ်လျက် ဆောင်ရွက်နေစဉ်။

"ဗလမင်းထင်တံတားအမှတ်(၁)ကို ဖြတ်သန်းသွားလာတဲ့ ယာဉ်အရေအတွက်က များလာတယ်။ တင်ဆောင်တဲ့ ကုန်တန်ချိန်တွေကလည်း များလာတယ်။ တံတားအမှတ် (၁)ကို အသုံးများတော့ ခံနိုင်ဝန်ကလည်း တဖြည်းဖြည်းကျလာပြီ။ အခုဆို ၃၆ တန်အထိပဲ ခွင့်ပြုထားတယ်။ လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်းတွေကိုလည်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်ထားတဲ့အတွက် တိုးလာမယ့် ယာဉ်အရေအတွက်နဲ့ အဆင်ပြေစွာ သွားလာနိုင်အောင် အမှတ် (၁) တံတားနဲ့ အမှတ် (၂) တံတားကို အသွားအပြန်အဖြစ် ပြည်သူတွေ အဆင်ပြေပြေနဲ့ အသုံးပြုနိုင်စေဖို့ပါ" ဟု ကချင်ပြည်နယ် အခြေစိုက် တံတားအထူးအဖွဲ့ (၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနီလှက ပြောကြားသည်။

## တံတားများအားလုံး တစ်ပြေးညီ တိုးတက်ကောင်းမွန်ရေး

ပြည်နယ်အတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် ပြည်နယ်တံတားဦးစီးဌာနသည် လမ်းများနှင့်အတူ တံတားများအားလုံး တစ်ပြေးညီ တိုးတက်ကောင်းမွန်ရေးကို ကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။

"မြစ်ကြီးနားနဲ့ ဝိုင်းမော်ကို အလွယ်တကူ သွားလာလို့ရအောင် ဗလမင်းထင် တံတားတွေက အကျိုးပြုနေပါတယ်။ တံတားအမှတ် (၁) ကြောင့် ပြည်သူတွေ သွားလာရတာ အဆင်ပြေပါတယ်။ အခု တံတားအမှတ် (၂) ပြီးသွားရင် အသွားအပြန်အဖြစ် ပိုပြီးအဆင်ပြေပြေသုံးနိုင်မှာမို့ ဒေသခံတွေအနေနဲ့ အားရကျေနပ်ရပါတယ်။ နယ်စပ်စီးပွားကုန်သွယ်မှုလမ်းကြောင်းကလည်း ဒီက ဖြတ်သန်းသွားလာနေတော့ ပိုပြီးတော့ အဆင်ပြေအောင် အထောက်အကူပြုနိုင်မယ့် တံတားတစ်စင်း ဖြစ်ပါတယ်" ဟု မြစ်ကြီးနားမြို့မှ ဦးမုန်ပျော်ဆင်ဝါးနော်က ပြောပြသည်။

## တည်ဆောက်ရေး လုပ်ငန်းများစတင်

ပြည်နယ်၏ လူမှုစီးပွားကို များစွာအထောက်အကူပြုစေမည့် တည်ဆောက်ဆဲ ဗလမင်းထင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ပန္နက်တင်ခြင်းကို ၂၀၂၁ အောက်တိုဘာ ၁၆ ရက်က ဆောင်ရွက်ခဲ့ပြီး ယခုအခါ တံတားတည်ဆောက်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ တံတားတည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း စတင်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁)မှ တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

တံတားတည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တံတားအူကြောင်း သုံးကြောင်းဖြင့် စတင်လေ့လာဆောင်ရွက်ခဲ့ကြောင်း တံတားဦးစီးဌာနမှ သိရသည်။

တံတားဦးစီးဌာနအနေဖြင့် ရွေးချယ်ထားသော တံတားအူကြောင်း သုံးခုအနက် နည်းပညာဆိုင်ရာ နှိုင်းယှဉ်ချက်၊ စီးပွားရေးဆိုင်ရာ နှိုင်းယှဉ်ချက်၊ လူမှုရေးရှုထောင့် အထွေထွေ နှိုင်းယှဉ်ချက်များအရ လျာထားတံတားအူကြောင်း (၁) ကို ရွေးချယ်ခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေလယ်တိုင် Rp2, Rp3,Rp4 Bored Pile လုပ်ငန်းများ၊ ကမ်းကပ်ခုံ (A2) Abutment Bored Pile လုပ်ငန်းများ၊ ချဉ်းကပ်တံတား (မြစ်ကြီးနားဘက်ကမ်း) သံကူကွန်ကရစ်ရက်မ တင်ခြင်းလုပ်ငန်းများကို တံတားဦးစီးဌာနမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

## တံတား၏ အချက်အလက်များ

ဗလမင်းထင်တံတား အမှတ်(၂)ကို ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိသည့် သံမဏိသံပေါင် တံတားအမျိုးအစားအဖြစ် တည်ဆောက်မည်ဖြစ်ပြီး ယာဉ်သွားလမ်း အကျယ် ၂၇ ပေ ၁၀ လက်မ (၈ ဒသမ ၅ မီတာ)၊ လူသွားလမ်း အကျယ်တစ်ဖက်လျှင် သုံးပေ လေးလက်မ(၁ မီတာ)၊ ရေလမ်းကင်းလွတ် အကျယ် ပေ ၃၅၀၊ ရေလမ်းကင်းလွတ် အမြင့် ၂၆ ပေ သုံးလက်မ(၈ မီတာ) ပါရှိမည်ဖြစ်သည်။

"ဒီနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ပြီးရင် တံတားတစ်စင်းလုံး ပြီးစီးမှုက ၂၀ ရာခိုင်နှုန်းရှိလာမှာ ဖြစ်ပါတယ်။ လာမယ့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မယ့် လုပ်ငန်းတွေကတော့ လျာထားပြီး ဖြစ်ပါတယ်" ဟု ဒုတိယ ညွှန်ကြားရေးမှူးက ရှင်းပြသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကမ်းကပ်ခုံ (A2) လုပ်ငန်း၊ ရေလယ်တိုင် Rp2 , Rp3 လုပ်ငန်းနှင့် ရေလယ်တိုင် Rp5 , Rp6 ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## အရည်အသွေး စံချိန်စံညွှန်းများ

တံတားဦးစီးဌာနအနေဖြင့် တံတားများ တည်ဆောက်ရာတွင် Quality Management System ဖြင့် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ထားရှိကြောင်း သိရသည်။

ဧရာဝတီတံတား(ဗလမင်းထင်) တည်ဆောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁)မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) က "တံတားတည်ဆောက်တဲ့အခါ အရည်အသွေးစစ်ဆေး ထိန်းသိမ်းမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု ဒါတွေကိုလည်း သတ်မှတ်ထားတဲ့အတိုင်း ဆောင်ရွက်ရပါတယ်။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဒီတံတားကြီး တည်ဆောက်ရာမှာ အရှိန်အဟုန်ဖြင့် တည်ဆောက်ရေးအပိုင်း၊ လျှပ်စစ်အပိုင်း၊ ယန္တရားအပိုင်း၊ ရေသန့်အပိုင်း စတာတွေ တာဝန်ယူဆောင်ရွက်ရပါတယ်" ဟု ပြောပြသည်။

တံတားဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ်ကူး တံတား ဗလမင်းထင်အမှတ် (၁) ကို တည်ဆောက်ပေးခဲ့ကာ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ခဲ့သည်။ ယခုတည်ဆောက်ဆဲဖြစ်သည့် ဗလမင်းထင် အမှတ်(၂) ပြီးစီးပါကလည်း ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

**✻ တံတားဦးစီးဌာနအနေဖြင့် ရွေးချယ်ထားသော တံတားအူကြောင်း သုံးခုအနက် နည်းပညာဆိုင်ရာ နှိုင်းယှဉ်ချက်၊ စီးပွားရေးဆိုင်ရာ နှိုင်းယှဉ်ချက်၊ လူမှုရေးရှုထောင့် အထွေထွေနှိုင်းယှဉ်ချက်များအရ လျာထားတံတားအူကြောင်း (၁) ကို ရွေးချယ်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေလယ်တိုင် Rp2 , Rp3, Rp4 Bored Pile လုပ်ငန်းများ၊ ကမ်းကပ်ခုံ (A2) Abutment Bored Pile လုပ်ငန်းများ၊ ချဉ်းကပ်တံတား (မြစ်ကြီးနားဘက်ကမ်း) သံကူကွန်ကရစ်ရက်မ တင်ခြင်းလုပ်ငန်းများကို တံတားဦးစီးဌာနမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ. . .**



မန္တလေး-လားရှိုး-ဗန်းမော်- မြစ်ကြီးနားလမ်းပေါ်ရှိ ဗလမင်းထင်တံတားအမှတ် (၂) တည်ဆောက်ပြီးစီးပါက တွေ့မြင်ရမည့်ပုံ။

# ဟီရိုရှီးမား၌ နှစ်ရက်ကြာ ကျင်းပသည့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးဖိုရမ် ပြီးဆုံး



နျူကလီးယားလက်နက်ဖျက်သိမ်းရေးဖိုရမ် ကျင်းပစဉ်။

**ဟီရိုရှီးမား ဒီဇင်ဘာ ၁၁**

နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးမှုများနှင့် ပတ်သက်ပြီး ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါဖွင့်လှစ်ခဲ့သည့် နိုင်ငံတကာဖိုရမ်ကို အဏုမြူဗုံးကြဲချခံရသည့် ဟီရိုရှီးမားမြို့၌ နှစ်ရက်ကြာ ကျင်းပကြောင်း သိရသည်။

နျူကလီးယားလက်နက်ကင်းစင်သော ကမ္ဘာကြီးဆိုင်ရာ နိုင်ငံတကာအထင်ကရ ပုဂ္ဂိုလ်များ၏ ပထမဆုံးအစည်းအဝေးကို နျူကလီးယားလက်နက်ပိုင်ဆိုင်သော အင်အားကြီးနိုင်ငံများနှင့် နျူကလီးယားလက်နက် မပိုင်ဆိုင်သော နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက်တွင် ငြိမ်းချမ်းရေးအထိမ်းအမှတ် ပြတိုက်သို့လည်ပတ်ကြကြောင်း သိရသည်။

ဝန်ကြီးချုပ် ကီရှီဒါသည် အစည်းအဝေးပိတ်ပွဲကို တက်ရောက်ခဲ့ပြီး နျူကလီးယားလက်နက်ကင်းစင်သော ကမ္ဘာကြီးတစ်ခုဖော်ဆောင်နိုင်ရေး ကြိုးပမ်းအားထုတ်လုပ်ဆောင်ကြရန် ပူးပေါင်းပါဝင်သူများကို တောင်းဆိုလိုက်သည်။

ထို့အပြင် လာမည့်နှစ် ဟီရိုရှီးမား၌ ပြုလုပ်မည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် နျူကလီးယား လက်နက်ကင်းစင်သော ကမ္ဘာကြီးတစ်ခုဆီသို့ ခိုင်မာသော သတင်းအချက်အလက်ပေးပို့ရန် ဆွေးနွေးမှုများကို နက်နက်ရှိုင်းရှိုင်း လုပ်ဆောင်ရန် ဂျပန်နိုင်ငံအနေဖြင့် မျှော်လင့်ကြောင်း ၎င်းက ဆက်ပြောသည်။

အင်န်အိတ်ချ်ကေ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအသစ် ၁၉၄ ဦး စစ်ဆေးတွေ့ရှိ



**ဟနွိုင်း ဒီဇင်ဘာ ၁၁**

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၁၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအသစ် ၁၉၄ ဦး စစ်ဆေးတွေ့ရှိသော်လည်း ယခင်ရက်က တွေ့ရှိမှုထက် ကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထပ်မံကူးစက်ခံရသူများသည် ပြည်တွင်း ကူးစက်ခံရသူများ ဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၁၅၂၀၆၃၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။ ဒီဇင်ဘာ ၁၁ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ မရှိဟု ဆိုသည်။

ထို့အပြင် ဒီဇင်ဘာ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ရောဂါပြင်းထန်ပြီး အသက်ရှူကိရိယာ တပ်ဆင်ရန် လိုအပ်သူ ၄၇ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ လူနာ ၁၀၆၀၉၆၁၂ ဦး သို့မဟုတ် ရောဂါကူးစက်ခံရသူ စုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းကျော်သည် ရောဂါကင်းစင်၍ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီ ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ယူဂန္ဓာနိုင်ငံသို့ ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းများ လှူဒါန်း

**ကမ်ပါလာ ဒီဇင်ဘာ ၁၁**

မိုးခေါင်မှုနှင့် အစားအသောက်ဖူလုံမှု မရှိခြင်းနှင့် ကြုံတွေ့နေရသည့် ယူဂန္ဓာနိုင်ငံသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းတန် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းခဲ့သည်ဟု သိရသည်။

မိုးခေါင်မှုနှင့် အစားအသောက်ရှားပါးမှုဒဏ် ခံစားနေရသည့် ခရိုင် ၂၀ ကို ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးသွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒီဇင်ဘာ ၉ ရက်တွင် ဖော်ပြခဲ့သည်။ ၄က်ဖျားရောဂါ၊ မိခင်နှင့်ကလေးကျန်းမာရေး၊ တီဘီရောဂါနှင့် အိတ်ချ်အိုင်ဗွီရောဂါအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို ပြုလုပ်ရန် ရည်ရွယ်၍ ယခုလိုလှူဒါန်းမှုပြုလုပ်ခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အရာရှိတစ်ဦးဖြစ်သူ ချားလ်နဂူနာက ပြောသည်။ **ဆင်ဟွာ**

# ဆီနီဂေါနိုင်ငံ ငွေကြေးလဲလှယ်ရေးရုံးတစ်ခု၌ ဓားပြတိုက်မှုဖြစ်ပွားပြီး သုံးဦးထက်မနည်း သေဆုံး

**ဒတ်ကာ ဒီဇင်ဘာ ၁၁**

ဆီနီဂေါနိုင်ငံ အမ်ဘာမြို့ ဗဟိုဈေးရှိ ငွေကြေးလဲလှယ်ရေးရုံးတစ်ခု၌ ဓားပြတိုက်မှုဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်း သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ဆီနီဂေါသတင်းဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် ပြောသည်။

သေနတ်ကိုင်ဓားပြတိုက်မှုကြောင့် သေဆုံးသူများထဲတွင် ငွေကြေးလဲလှယ်ရေးရုံးမှ မန်နေဂျာလည်း ပါဝင်ကြောင်း သိရသည်။ နောက်ပိုင်းတွင် အသက် ၃၇ နှစ်အရွယ်ရှိ ဓားပြတိုက်သူကို ဆီနီဂေါရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်ဟု ဆိုသည်။

ဆင်ဟွာ

# ငွေကြေးဖောင်းပွမှုနှင့် ရေကြီးရေလျှံမှုဒဏ်ခံစားနေရသည့် အိမ်ထောင်စုများကို ငွေသားအကူအညီပေးအပ်မှု ကမ္ဘောဒီးယား စတင်

**ဖနောင်ပင် ဒီဇင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံသည် ငွေကြေးဖောင်းပွမှုဒဏ်နှင့် ရေကြီးရေလျှံမှုဒဏ်ခံစားနေရသည့် လူပေါင်း ၁ ဒသမ ၃ သန်းခန့်မှ အိမ်ထောင်စု ၃၆၀၀၀၀ နီးပါးကို ငွေသားအကူအညီ ထောက်ပံ့ပေးအပ်မှုကို ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားအစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုဒဏ်ခံစားနေရသည့် မိသားစုဝင်များအတွက် အမေရိကန်ဒေါ်လာ ၃၀ သန်းနှင့် ရေကြီးရေလျှံမှုဒဏ်ခံစားနေရသည့် မိသားစုဝင်များအတွက် အမေရိကန်ဒေါ်လာ ၁၅ သန်း သုံးစွဲသွားရန် ရည်မှန်းထားကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းရေးမှူး ချန်နာရစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်က ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်၏ လက်မှတ်ရေးထိုးညွှန်ကြားချက်အရ နယ်မြေအလိုက် ငွေသားအကူအညီလက်ခံရရှိရန် စီမံကိန်းဝန်ကြီးဌာနက အဆိုပါ ထိခိုက်ခံစားခဲ့ရသော မိသားစုဝင်များကို စိစစ်ဖော်ထုတ်ခဲ့သည်။

ကမ္ဘာ့စွမ်းအင်၊ ဓာတ်မြေဩဇာနှင့် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်လာမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် ငွေကြေးဖောင်းပွမှုများကို မြင့်တက်စေကြောင်းနှင့် စားသုံးသူဈေးနှုန်းဖောင်းပွမှုသည် ဇွန်လတွင် ၇ ဒသမ ၈ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သော်လည်း ဩဂုတ်လတွင် ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။ ထို့အပြင် ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်းက ဆင်းရဲချို့တဲ့သော မိသားစုဝင်များကို ပို၍ထိခိုက်နစ်နာစေကြောင်းလည်း ကမ္ဘာ့ဘဏ်က ပြောသည်။

ဆင်ဟွာ


ကမ္ဘောဒီးယားနိုင်ငံ၌ ရေကြီးရေလျှံမှု ဖြစ်ပွားစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ရေကြီးမှုကြောင့် ခရီးသည်တင်ယာဉ် မျောပါသွားပြီး ရှစ်ဦးသေဆုံး

**မနီလာ ဒီဇင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံ ရီဇယ်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် ဂျစ်ပ်နီ ခရီးသည်တင်ယာဉ် မျောပါသွားခဲ့ပြီး ငါးနှစ်အရွယ် ကလေးတစ်ဦးအပါအဝင် ခရီးသည် ရှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်ဟု ရဲစခန်းက ဒီဇင်ဘာ ၁၀ ရက်တွင် ပြောသည်။

ဒီဇင်ဘာ ၁၀ ရက် ည ၉ နာရီတွင် အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခရီးသည် ၂၅ ဦးကို တင်ဆောင်လာသည့် ယာဉ်မှာ မြစ်ကိုဖြတ်ကူးစဉ် ရုတ်တရက် ရေကြီးလာခြင်းကြောင့် ရေစီးနှင့်အတူ မျောပါသွားခဲ့ခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။

သေဆုံးသူများထဲမှ ခုနစ်ဦးမှာ အသက် ၇၀ ကျော်များဖြစ်ပြီး ဒဏ်ရာရရှိသူ တစ်ဦးရှိသည်ဟု မြို့နယ်သဘာဝဘေးလျှော့ချရေး စီမံခန့်ခွဲမှုဌာနက ပြောသည်။ ခရီးသည်တင် ဂျစ်ပ်နီယာဉ်များမှာ ဖိလစ်ပိုင်၌ လူကြိုက်များသည့် အများသုံးသယ်ယူပို့ဆောင်ရေးယာဉ်ဖြစ်ပြီး အဆိုပါယာဉ်များကို ဒုတိယကမ္ဘာစစ်ကတည်းက ဖိလစ်ပိုင်လမ်းမများထက်တွင် တွေ့ရှိနိုင်သည့် ယာဉ်များ ဖြစ်သည်။

ဆင်ဟွာ

# ဆီးရီးယားတွင် အမေရိကန်ဦးဆောင်သည့်ပိတ်ဆို့မှုများအကြား ပြည်သူများ စက်သုံးဆီပြတ်လပ်မှုကို ရင်ဆိုင်နေရသည့်အပြင် အအေးဒဏ်ကိုပါ ခံစားနေရ

**ဒမတ်စကန် ဒီဇင်ဘာ ၁၁**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် အပူချိန်ထိုးကျလာပြီး ပြင်းထန်သည် ဆောင်းရာသီနှင့် ကြုံတွေ့နေရသည်။ ဆီးရီးယားမြို့တော်ရှိ ပြည်သူများမှာ စက်သုံးဆီပြတ်လပ်မှုနှင့် အခြားသော လိုအပ်ချက်များနှင့်ပါ ရင်ဆိုင် ကြုံတွေ့နေရသည်။ အမေရိကန်ဦးဆောင်သည့် စီးပွားရေး ပိတ်ဆို့မှုများနှင့်သောင်းကျန်းသူများ ထိန်းချုပ်ထားရာဒေသရှိ ရေနံနှင့် ဓာတ်ငွေ့တွင်းများသို့ ဝင်ရောက်ခွင့် မရခြင်းတို့ကြောင့် စက်သုံးဆီပြတ်လပ်မှုမှာ ဒေသခံများအတွက် မထူးဆန်းတော့သော်လည်း ပြီးခဲ့သည့်နှစ်ပတ်မှ စတင်ကာ အအေးဒဏ်လွန်ကဲလာသည့်အတွက် စက်သုံးဆီပြတ်လပ်မှုကို ပိုမိုဆိုးရွားစေခဲ့သည်။



ဒမတ်စကတ်မြို့တွင် မြူများ ဖုံးလွှမ်းနေသည်ကို နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

ဆီးရီးယားနိုင်ငံရှိ အဓိကမြို့ကြီးများတွင် စက်သုံးဆီရောင်းချသည့် နေရာများ၌ စက်သုံးဆီပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။ ထို့ကြောင့် ကားအသုံးပြုမှုများကို လျှော့ချနေရပြီး မှောင်ခိုဈေးကွက်မှ ဝယ်ယူမှုများကိုပါ ပြုလုပ်လာကြသည်။ လွန်ခဲ့သည့် ၁၁နှစ် ဆီးရီးယားစစ်ပွဲ စတင်ခဲ့သည့်အချိန်မှ စတင်ကာ ပထမဆုံး အကြိမ်အဖြစ် စက်သုံးဆီ ချွေတာရန်အတွက် မြို့တွင်းအားကစားပွဲ အားလုံးကို ဆိုင်းငံ့ခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသည့် စက်သုံးဆီအကျပ်အတည်းမှာ အမေရိကန်၏ ပိတ်ဆို့မှုများကြောင့်ဖြစ်သည်ဟု ဆီးရီးယားအစိုးရက အပြစ်တင်ခဲ့သည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံ ပုဂ္ဂလိကကုမ္ပဏီမှ တည်ဆောက်သည့် အာကာသယာဉ်ကို လကမ္ဘာသို့ ပထမဆုံး လွှတ်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

ဂျပန်နိုင်ငံ၏ ပုဂ္ဂလိကကုမ္ပဏီမှ တည်ဆောက်သည့် အာကာသယာဉ်ကို လကမ္ဘာသို့ ပထမဆုံး လွှတ်တင်မှုကို ဒီဇင်ဘာ ၁၁ ရက်က စတင်လိုက်သည်။

တိုကျိုအခြေစိုက် စတာ့တ်အပ်အိုင်စပေ့စ် (startup ispace) မှ ထုတ်လုပ်သည့် အဆိုပါ အာကာသယာဉ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကိပ် ကာနေဗီရယ်ရှိ စပေ့စ်အိလ်စ်၏ ဖယ်လ်ကွန် –၉ ဒုံးပျံနှင့်အတူ ဒီဇင်ဘာ ၁၁ ရက် နံနက် ၂ နာရီ ၃၈ မိနစ် (ဂရင်းနစ်စံတော်ချိန်၀၇၃၈) တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ယင်းအာကာသယာဉ် လွှတ်တင်သည့် တိုက်ရိုက်ထုတ်လွှင့်မှု ဗီဒီယိုကိုလည်း ပြသခဲ့သည်။ အိုင်စပေ့စ်၏ “ယုန်ဖြူ”ဟုအမည်ပွာယ်ရသည့် ဟာကူတို–အာရ် အမည်ရှိ ၎င်းအာကာသယာဉ်သည် ဂျပန်နိုင်ငံရှိ ယုန်နှစ်ဖြစ်သော ၂၀၂၃ ခုနှစ် ဧပြီလတွင် လ၏မျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ကုမ္ပဏီက ပြောကြားသည်။

အလျား ၂ မီတာမှ ၂ ဒသမ ၅ မီတာကျော်သာရှိသော အာကာသယာဉ်ပေါ်တွင် ဂျပန်အာကာသ စူးစမ်းရှာဖွေရေးအေဂျင်စီနှင့် အခြားသော အဖွဲ့အစည်းများမှ တီထွင်ထားသော စက်ရုပ်ငယ်များကို သယ်ဆောင်ထားသည်။ ၎င်းသည် လမျက်နှာပြင် စူးစမ်းလေ့လာမှုများကို နည်းပညာအမျိုးမျိုးဖြင့် စမ်းသပ်ပြုလုပ်မည်ဖြစ်သည်။ ထို့အတူ ယူအေအီးမှ တည်ဆောက်ထားသည့် ၁၀ ကီလိုဂရမ် အလေးချိန်ရှိ လပေါ်သွားယာဉ်တစ်စင်းလည်း ပါရှိသွားခဲ့ပြီး ရာရှစ်ဟု အမည်ပေးထားသည့် အဆိုပါ လပေါ်သွားယာဉ်သည် လပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပါက အာရပ်ကမ္ဘာ၏ ပထမဆုံးသော လကမ္ဘာရောက် ခရီးစဉ်လည်း ဖြစ်လာမည်ဖြစ်သည်။

ဝန်ထမ်း ၂၀၀ သာရှိသော အိုင်စပေ့စ်သည် လကမ္ဘာသို့ ကြိမ်နှုန်းမြင့်မားပြီး ကုန်ကျစရိတ် သက်သာသော သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းဖြင့် လူသားတို့၏ အသက်ရှင်သန်မှုနယ်ပယ်ကို အာကာသထဲသို့ တိုးချဲ့ရန်နှင့် ရေရှည်တည်တံ့သော ကမ္ဘာတစ်ခုဖန်တီးရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

**အေအက်ဖ်ပီ၊ အန်အိတ်ချ်ကေ**

# တရုတ် - အမေရိကန် ဆက်ဆံရေးကို ပြုပြင်ရန် ကြိုးပမ်းမှုအနေဖြင့် အမေရိကန်အဆင့်မြင့် သံတမန်အဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့၏ ဆက်ဆံရေးကို ပြုပြင်ရန် လွန်ခဲ့သည့်လက ကတိကဝတ် ပြုခဲ့ပြီးနောက် အမေရိကန်အစိုးရသည် ၎င်း၏ ပထမဆုံးသော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို တရုတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။

အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဒန်နီရယ် ခရစ်တန်ဘရင့်ခ်သည် တရုတ်နှင့် တရုတ်**(တိုင်ပေ)**ဆိုင်ရာ လုံခြုံရေးကောင်စီအကြီးတန်း ညွှန်ကြားရေးမှူး လော်ရာရိဆင်ဘာဂါနှင့်အတူ ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ခရီးစဉ်သွားရောက်မည်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့ သွားရောက်မည်ဖြစ်သည်။

ခရစ်တန်ဘရင့်ခ်သည် ပြီးခဲ့သည့်လက ဘာလီတွင် သမ္မတရှီကျင့်ဖျင်နှင့် သမ္မတဂျိုးဘိုင်ဒင်တို့ တွေ့ဆုံမှုအပြီး ဆွေးနွေးမှုရလဒ်များကို ဆက်လက်အကောင်အထည်ဖော် သွားမည်ဖြစ်ပြီး ၎င်းတို့ နှစ်ဦးသည် “နှစ်နိုင်ငံအကြား ပြိုင်ဆိုင်မှုကို ဆက်လက်စီမံခန့်ခွဲရန်နှင့် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များကို ရှာဖွေရန်” ကတိပြုခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုခရီးစဉ်သည် လေးနှစ်အတွင်း အမေရိကန် ထိပ်တန်းသံတမန်တစ်ဦး၏ ပထမဆုံး ခရီးစဉ်ဖြစ်ပြီး ၂၀၂၃ ခုနှစ် အစောပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်၏ တရုတ်နိုင်ငံသို့ လာရောက်မည့် ခရီးစဉ်အတွက်လည်း ပြင်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။

**အေအက်ဖ်ပီ**



အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဒန်နီရယ် ခရစ်တန် ဘရင့်ခ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူ ၁၇၃ ဦးတွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၁၁**

အိန္ဒိယနိုင်ငံ၌ ရောဂါပိုးတွေ့ဆဲလူနာ ၃၉၁၃ ဦးရှိပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၁၇၃ ဦးရှိကြောင်း သိရသည်။



အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ် ယူနေစဉ်။

**ထပ်မံသေဆုံးသူ လေးဦးရှိ**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် – ၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူ လေးဦးရှိသဖြင့် ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစကာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၃၀၆၅၈ ဦး ရှိပြီဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါကင်းစင်ပြီး ဆေးရုံမှ ဆင်းခွင့်ရသူပေါင်း ၄၄၁၄၀၂၅၁ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဒီဇင်ဘာ ၁၁ ရက် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

**စစ်ဆေးမှုပေါင်း ၉၀၈ သန်းကျော်ရှိ**

ဒီဇင်ဘာ ၁၀ ရက် ကိုဗစ်–၁၉ စစ်ဆေးမှု ၁၃၀၈၀၆ ခုအပါအဝင် ယခုအချိန်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ စစ်ဆေးမှုပေါင်း ၉၀၈ သန်းကျော် စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်အရ သိရသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ် - ၁၉ နောက်ထပ်ဖြစ်ပွားသူ ၁၁၃၄ ဦး စစ်ဆေးတွေ့ရှိ

**မနီလာ ဒီဇင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံတွင် ဒီဇင်ဘာ ၁၁ ရက်၌ ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၃၄ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူဦးရေမှာ ၄၀၄၉၀၄၂ ဦး ရှိလာပြီဟု သိရသည်။ လက်ရှိရောဂါ ဖြစ်ပွားနေသူဦးရေမှာ ၁၈၂၅၂ ဦး အထိ လျော့ကျလာပြီး ကိုဗစ်–၁၉ နှင့် ဆက်စပ်သည့်လူနာ ၂၄ ဦးမှာလည်း သေဆုံးသွားခဲ့သည်ဟု သိရသည်။

ကိုဗစ် –၁၉ကြောင့် သေဆုံးသူဦးရေမှာ ၆၄၈၈၀ အထိရှိလာခဲ့သည်။ မနီလာမြို့ ဝန်းကျင်တွင် နောက်ထပ်ကူးစက်ခံရသူ ၄၈၀ တိုးလာပြီးနောက် မြို့တော်ဝန်းကျင်၌ ကိုဗစ် –၁၉ ကူးစက်ခံရသူစုစုပေါင်းမှာ ၁၃ သန်းကျော်ရှိလာသည်။ ဇန်နဝါရီ ၁၅ ရက် နောက်ပိုင်း တစ်ရက်တာအတွင်း ကူးစက်ခံရသူဦးရေ အများဆုံးဟုလည်း သိရသည်။ လူဦးရေသန်း ၁၁၀ ဝန်းကျင်အနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးပြီးသူ ဦးရေမှာ ၇၃ ဒသမ ၈သန်းအထိ ရှိလာကြောင်း သိရသည်။ **ဆင်ဟွာ**



ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးစဉ်။

# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် ပြန်လည်ကျန်းမာလာသူ ၁၀၆ နှစ်အရွယ် အဘွားတစ်ဦး၏ ဆုတောင်း

နွယ်နီလင်း

အဘွားလီဟုခေါ်သည့် အသက် ၁၀၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ၂၀၂၂ ခုနှစ် ဧပြီလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီးနောက် ကပ်ရောဂါတိုက်ဖျက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေပြီဖြစ်သည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျိလင်းပြည်နယ်၏ မြို့တော်ချန်ချွမ်းတွင် နေထိုင်သူ အဘွားလီသည် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ပြီးနောက် ဧပြီလလယ်ခန့်တွင် ကျိလင်းတက္ကသိုလ်၏ ပထမဆုံးဖွင့်လှစ်သည့် ဆေးရုံသို့ တက်ရောက်ခဲ့ရသည်။



တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျိလင်းပြည်နယ်၏ မြို့တော်ချန်ချွမ်းရှိ ကိုဗစ်-၁၉ လူနာများအတွက် ယာယီဆေးရုံတစ်ခု၏ အတွင်းပိုင်းကို တွေ့ရစဉ်။

### ကျန်းမာရေးဆိုင်ရာ ပြဿနာများစွာရှိနေ

ဆရာဝန်များသည် အသက်ရာကျော် အဘွားလီ၏ အဆုတ် စီတီ စကင်န်တွင် ပုံမှန်မဟုတ်သည့် လက္ခဏာနှင့် ချွဲသလိပ်များကို တွေ့ရှိခဲ့ပြီးနောက် မကြာမီတွင် ၎င်းသည် ပြင်းထန်သော ချောင်းဆိုး ချွဲကျပ်ဝေဒနာကို စတင်ခံစားခဲ့ရသည်။ အဘွားလီတွင် သွေးတိုးရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာ ရောဂါများအပြင် အခြားသော နောက်ခံကျန်းမာရေးဆိုင်ရာ ပြဿနာများစွာရှိနေခဲ့ပြီး အစပိုင်းတွင် စိုးရိမ်စိတ်နှင့် စိတ်ခတ်ကျနေခဲ့သည်။

၎င်းကို ကုသပေးမည့် ဆေးရုံသည် သက်ကြီးရွယ်အိုများနှင့် ကိုယ်တိုင်ပြုစုစောင့်ရှောက်မှု မပေးနိုင်သော လူနာများအတွက် အထူးပြုကုသပေးသည့် ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာဖြစ်ပြီး အဘွားလီကို ယင်းစင်တာကပင် လက်ခံကုသမှုပေးခဲ့သည်။

### အာဟာရဖြစ်စေမယ့် အစားအသောက်တွေ စီမံပေး

“ကျွန်တော်တို့ရဲ့ ဆေးအဖွဲ့တွေက အသက် ၁၀၀ ကျော် အဘွားလီအတွက် သီးသန့်ကုသမှုအစီအစဉ်ကို ပြုလုပ်ခဲ့ပြီး သူ့ကို စိတ်ပိုင်းဆိုင်ရာ အကြံဉာဏ်တွေ ပေးတာအပြင် အာဟာရဖြစ်စေမယ့် အစားအသောက်တွေကိုလည်း စီမံချိန်ညှိပေးခဲ့ပါတယ်။ ဒီအတောအတွင်းမှာပဲ သူ့မိသားစုဝင်တွေနဲ့လည်း အဆက်မပြတ်အောင် လုပ်ဆောင်ပေးခဲ့ပါတယ်” ဟု ဆေးရုံရှိ ကိုဗစ်-၁၉ရောဂါ ကုသရေးအဖွဲ့ ခေါင်းဆောင် ကျန်းယန်က ဆိုသည်။

ဆရာဝန်များ၏ ၁၆ ရက်ကြာ စေ့စေ့စပ်စပ် ပြုစုကုသမှုကို ခံယူပြီးနောက် အဘွားလီ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အခြေအနေများ ပြန်လည်တိုးတက်ကောင်းမွန်လာခဲ့ကာ ဧပြီ ၃၀ ရက်တွင် ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။

### စာအုပ်များနှင့် သတင်းစာများ ဖတ်ရှု

ဆေးရုံဆင်းပြီးနောက် အဘွားလီသည် ဘိုးဘွားရိပ်သာတွင် သူ၏ အေးချမ်းသောဘဝသို့ ပြန်လည်ရောက်ရှိခဲ့ပြီး အားလပ်ချိန်များတွင် စာအုပ်များနှင့် သတင်းစာများ ဖတ်ရှုခြင်းဖြင့် ကိုယ်ပိုင်အချိန်များကို ကုန်ဆုံးစေလျက်ရှိနေပြီဖြစ်သည်။

အဘွားလီဟာ နှစ်စဉ်နှစ်တိုင်း သူ့ရဲ့ မွေးနေ့တွေမှာ အသက်ရှည်ရှည် နေနိုင်ပါစေလို့ အမြဲဆုတောင်းခဲ့ပေမယ့် အခုအချိန်မှာတော့ သူ့ရဲ့ ဆုတောင်းစကားတစ်ခုက “အလုပ်ကြိုးစားတဲ့ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတွေ နေ့တိုင်းပျော်ရွှင်ပါစေ”ဟူ၍သာ ဆုတောင်းမိတော့သည်ဟု ဆိုသည်။

### ကာကွယ်ဆေးထိုး အရှိန်မြှင့်တင်ရေးဆော်ဩပေးမည်

ကျိလင်းပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါအန္တရာယ်မှ ကာကွယ်ရန်အတွက် ၎င်း၏ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် သက်ကြီးရွယ်အိုများ အကြား ကာကွယ်ဆေးထိုး အရှိန်မြှင့်တင်ရေးအတွက် ဆော်ဩပေးမည်ဟု ဆိုသည်။ ဒေသန္တရ အစိုးရအနေဖြင့်လည်း ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများကို အထူးသတ်မှတ်နေရာများနှင့် ယာယီကာကွယ်ဆေး ထိုးနေရာများ ထူထောင်ခြင်းနှင့် ပြည်နယ်အတွင်း မိုဘိုင်းကာကွယ်ဆေး ထိုးယာဉ်များ ဖြန့်ကြက်ခြင်းများမှတစ်ဆင့် အကောင်းဆုံး လုပ်ဆောင်သွားမည်ဖြစ်သည်။

### အိမ်တိုင်ရာရောက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမည်

ထို့ပြင် ဒေသန္တရအစိုးရသည် ပြုစုစောင့်ရှောက်နိုင်ခြင်း မရှိသေးသော သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး အခြေအနေကို အကဲဖြတ်ကာ တစ်အိမ်တက်တစ်အိမ်ဆင်း အိမ်တိုင်ရာရောက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဘွားလီကဲ့သို့ပင် ရှန်ဟိုင်းမြို့၌ နေထိုင်သူ အသက် ၁၀၈ နှစ်အရွယ် အဘွား ဟူအန့် ပေါ့ကျင်းမှာလည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီးနောက် ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၂၀၂၂ ခုနှစ် မေ ၁၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိပြီးနောက် အဘွားဟူအန့်သည် ဆေးကုသမှုခံယူရန် ဆေးရုံတက်ခဲ့ရသည်။ ၎င်းသည် ကိုဗစ်-၁၉ မဖြစ်ပွားမီ တစ်နှစ်ခွဲခန့်က လဲကျခဲ့သည့် ဒဏ်ရာကြောင့် ခန္ဓာကိုယ်အောက်ပိုင်းမလှုပ်နိုင်တော့ဘဲ အိပ်ရာထဲတွင် လှဲနေရသူတစ်ဦး ဖြစ်သည်။

ဟူနန်ပြည်နယ်ရှိ ဗဟိုတောင်ပိုင်းတက္ကသိုလ်၏ စန်းယ ဆေးရုံမှ အထူးကြပ်မတ်ကုသရေးအဖွဲ့သည် ၎င်းအား နေ့စဉ်စစ်ဆေးခြင်းအစီအစဉ်ကို ပြုလုပ်ခဲ့ပြီး အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်များနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကုသရေးအဖွဲ့များက ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းများကို နေ့စဉ်လေ့လာဆန်းစစ်ပြီးနောက် ၎င်း၏ အရေးကြီးသော ကိုယ်တွင်းအင်္ဂါများ ပုံမှန်လုပ်ဆောင်မှုကို ရရှိအောင် အထူးကြပ်မတ် ကုသပေးနိုင်ခဲ့သည်။ ထို့ကြောင့် အဘွားဟူအန့်သည် ၂၀၂၂ ခုနှစ် မေလ ၂၁ ရက် နံနက်တွင် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီးနောက် ဆေးရုံမှ ဆင်းနိုင်ခဲ့သည်။

### အန္တရာယ်များကို အချိန်နှင့် တစ်ပြေးညီ ဖော်ထုတ်

သက်ကြီး ကိုဗစ်-၁၉ လူနာများကို ပြုစုကုသမှုပေးရာတွင် အမျိုးသား ကိုဗစ်-၁၉ ရောဂါရှာဖွေရေးနှင့် ကုသရေး အစီအစဉ်၏ လိုအပ်ချက်များကို တိကျစွာ အကောင်အထည်ဖော်ခြင်း၊ ဖြစ်နိုင်ခြေ အန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်းနှင့် ယင်းအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းခြင်းသည် သက်ကြီးရွယ်အိုလူနာများအား ကုသခြင်း၏ အဓိကသော့ချက်ဖြစ်ကြောင်း စီချွမ်တက္ကသိုလ်၏ တရုတ်နိုင်ငံအနောက်ပိုင်းဆေးရုံ အရေးပေါ်ကုသရေးဌာနမှ ညွှန်ကြားရေးမှူး ကန်ရန်က ပြောကြားသည်။ ကန်သည် အဘွားဟူအန့်ကို ပြုစုကုသရန်အတွက် အကြံဉာဏ်များ ပေးခဲ့သူဖြစ်သည်။

တရုတ် ပြည်မကြီးတွင် ဒီဇင်ဘာ ၁၀ ရက်က ဒေသတွင်း ကူးစက်ခံရသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၇၀ ရှိကြောင်း၊ ရောဂါဖြစ်ပွားပြီးနောက် ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း ၄၅၀၆ ဦးကို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ယင်းနေ့တွင် ထပ်မံသေဆုံးသူမရှိသည့်အတွက် စုစုပေါင်းသေဆုံးသူ ၅၂၃၅ ဦး ရှိကြောင်း တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်က ဒီဇင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။ ။

**ကိုးကား - ဆင်ဟွာ**

○ **အဘွားလီဟာ နှစ်စဉ်နှစ်တိုင်း သူ့ရဲ့ မွေးနေ့တွေမှာ အသက်ရှည်ရှည်နေနိုင်ပါစေလို့ အမြဲဆုတောင်းခဲ့ပေမယ့် အခုအချိန်မှာတော့ သူ့ရဲ့ဆုတောင်း စကားတစ်ခုက “အလုပ်ကြိုးစားတဲ့ ဆေးဘက်ဆိုင်ရာဝန်ထမ်းတွေ နေ့တိုင်းပျော်ရွှင်ပါစေ”ဟူ၍သာ**

❑ **သက်ကြီး ကိုဗစ်-၁၉ လူနာများကို ပြုစုကုသမှုပေးရာတွင် အမျိုးသား ကိုဗစ်-၁၉ ရောဂါရှာဖွေရေးနှင့် ကုသရေး အစီအစဉ်၏ လိုအပ်ချက်များကို တိကျစွာ အကောင်အထည်ဖော်ခြင်း၊ ဖြစ်နိုင်ခြေ အန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်းနှင့် ယင်းအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းခြင်းသည် သက်ကြီးရွယ်အိုလူနာများအား ကုသခြင်း၏ အဓိကသော့ချက်ဖြစ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၂) ရာခိုင်နှုန်းရှိ

**(၁၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၂၇,၃၈၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၄၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၉၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၀-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၀၁,၉၉၁) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၇၉,၉၁၄) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၁၀-၁၂-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၀၁,၉၉၁ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၇၉,၉၁၄ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၆) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | သရက် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဗန်းမော် | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၀၅ | ၁၈၅၀ | ၁၈၄၅ | ၁၈၁၅ | ၁၈၅၀ | ၁၈၇၅ | ၁၈၆၀ | ၁၈၃၅ | ၁၉၃၀ | ၁၉၄၅ | ၁၈၄၅ | ၁၈၅၀ | ၁၈၈၅ | ၁၈၉၀ | ၁၈၉၀ | ၂၁၁၀ | ၂၉၂၀ |
| 95 Ron | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၀ | ၂၀၄၀ | ၁၉၃၅ | ၁၉၅၀ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၃ | ၁၇၈၁ |
| 95 Ron | ၁၈၀၂ | ၁၈၇၁ |
| HSD (500 ppm) | ၂၀၈၂ | ၂၁၅၃ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၂၈ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System - PR) အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ

**Presenter။ ။ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် မြဝတီရုပ်မြင်သံကြားဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR) ပြောင်းလဲ ကျင့်သုံးနိုင်ရေး စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်ကို တင်ဆက်သွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ပါဝင် ဆွေးနွေးပေးဖို့ ဖိတ်ကြားထားသူကတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဖြစ်ပါတယ်။ အစီအစဉ်တင်ဆက်သူအဖြစ် ကျွန်တော် ဦးကျော်ဆွေအောင်နှင့် ကျွန်မ ဒေါ်ဖြိုးထက်ထက်အောင်တို့က ဆောင်ရွက်မှာ ဖြစ်ပါတယ်။**

*(ယမန်နေ့မှအဆက်)*

**ဦးခင်မောင်ဦး။** ။ Party List PR စနစ်ကျင့်သုံးမယ်ဆိုပါက မဲပေးခြင်းနှင့်မဲရေတွက်ခြင်း ရိုးရှင်းလွယ်ကူပါတယ်။ ပါတီ အသီးသီးအနေနဲ့ လွှတ်တော်မှာ တိကျစွာ ကိုယ်စားပြုခွင့်ကို ရရှိစေမှာဖြစ်ပြီး ဆန္ဒမဲများအလဟဿဖြစ်မှုကိုလည်း နည်းပါးစေမှာဖြစ်ပါတယ်။ ဒ့ါအပြင် တိုင်းရင်းသား လူနည်းစုများ၊ အမျိုးသမီးများ အပါအဝင် ပါတီအများစုကို မျှတတဲ့ကိုယ်စားပြုခွင့်ဖော်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**Presenter ။ ။ဟုတ်ကဲ့ပါဆရာ၊ ရွေးကောက်ပွဲစနစ်တွေမှာ PR အုပ်စုက အများဆုံးနဲ့ FPTP အုပ်စုက ဒုတိယအများဆုံး ကျင့်သုံးတာတွေ့ရတဲ့အတွက် ဒီစနစ်နှစ်မျိုးရဲ့ အဓိကကွဲပြားခြားနားချက်နှင့် အားနည်းချက်၊ အားသာချက်များကိုလည်း နှိုင်းယှဉ်သိပါရစေခင်ဗျား။**

**ဦးခင်မောင်ဦး။** ။အချိုးကျကိုယ်စားပြုစနစ် (PR)နှင့် မဲအများဆုံးရသူအနိုင်ရတဲ့ FPTP စနစ် အသီးသီးမှာ အားနည်းအားသာချက်အပါအဝင် ခြားနားချက်များစွာရှိပါတယ်။ အဓိကခြားနားချက်မှာ မဲဆန္ဒရှင်ပြည်သူများက ပေးလိုက်တဲ့ ဆန္ဒမဲများရဲ့တန်ဖိုးနဲ့သက်ရောက်မှု ကွာခြားခြင်းဖြစ်ပါတယ်။ FPTP စနစ်နဲ့ ကျင်းပတဲ့ရွေးကောက်ပွဲများမှာ အနိုင်ရသူရရှိတဲ့ ဆန္ဒမဲအရေအတွက်ဟာ ခိုင်လုံမဲ စုစုပေါင်းရဲ့ ထက်ဝက်အောက်ရှိသော်လည်း ယင်းကိုယ်စားလှယ်ကိုပေးလိုက်တဲ့ ဆန္ဒမဲများကသာ တန်ဖိုးနှင့်သက်ရောက်မှုရှိပြီး ကျန်ဆန္ဒမဲများဟာ တန်ဖိုးနဲ့သက်ရောက်မှု လုံးဝမရှိ အဟောသိကံ၊ အလဟဿဖြစ်ခြင်း ဖြစ်ပါတယ်။ အချိုးကျကိုယ်စားပြုစနစ်နဲ့ ကျင်းပတဲ့ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလများ အပါအဝင်တို့ကို မဲဆန္ဒရှင်များက ပေးလိုက်တဲ့ ဆန္ဒမဲအရေအတွက် စုစုပေါင်းအပေါ် မိမိတို့ရရှိတဲ့ ဆန္ဒမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်နေရာရရှိခြင်းဖြင့် ဆန္ဒမဲအားလုံးနီးပါးရဲ့တန်ဖိုးနဲ့ သက်ရောက်မှုရှိခြင်းပင်ဖြစ်တယ်။ ဒ့ါကြောင့်လည်း FPTP စနစ်နဲ့ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို လေ့လာပါက တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါတီတွေရရှိတဲ့ခိုင်လုံမဲများရဲ့ရာခိုင်နှုန်းနဲ့ လွှတ်တော်အမတ်ရရှိတဲ့ရာခိုင်နှုန်းအချိုးအစား ညီညွတ်မျှတမှုမရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

အချိုးကျကိုယ်စားပြုစနစ်(PR)ရဲ့ အဓိကအားသာချက်တွေကတော့ မဲဆန္ဒရှင်ပြည်သူများကပေးတဲ့ ဆန္ဒမဲများ အဟောသိကံ၊ အလဟဿဖြစ်မှု အလွန်နည်းပါးခြင်းဖြစ်တဲ့အပြင် အားသာချက်တွေကတော့ –

- ❖ ကိုယ်စားပြုမှုကို အချိုးကျသတ်မှတ်ခြင်းဖြစ်၍ အချိုးအစားကျနသော ဥပဒေပြုလွှတ်တော်ကို ပုံဖော်နိုင်ပြီး ပါတီစုံစနစ် (Multi–party System)ကို ပေါ်လွင်အားကောင်းစေခြင်း၊
- ❖ လွှတ်တော်အတွင်း ပါတီကြီးများ၏ လက်ဝါးကြီးအုပ်မှုကို ကန့်သတ်ပေးခြင်းနှင့် ပါတီကြီးတစ်ခု၏ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း၊
- ❖ လူနည်းစုများ၏ ဆန္ဒသဘောထားကို ဖော်ထုတ်နိုင်ပြီး ပါတီငယ်များအနေဖြင့် ပါတီကြီးများကဲ့သို့ ကိုယ်စားလှယ်နေရာရရှိနိုင်ပြီး ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း၊
- ❖ မဲဆန္ဒနယ်အလိုက် ရွေးကောက်ခံရသော ပါတီစုံမှကိုယ်စားလှယ်များသည် မဲဆန္ဒနယ်တစ်ခုလုံး၏ ကိုယ်စားလှယ်ဖြစ်ပြီး မဲဆန္ဒနယ်အတွင်းရှိ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုသဖြင့် ကိုယ်စားလှယ်အချင်းချင်း၊ ပါတီအချင်းချင်း ပြည်သူလူထုထောက်ခံမှုရရှိရေး အပြိုင်ကြိုးစားစေသည့် အားသာချက်ရှိခြင်း၊
- ❖ စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် အသုံးပြုခြင်းဖြင့် လူပုဂ္ဂိုလ်ထက် ပါတီဦးဆောင်မှု မြင့်မားစေပြီး ပါတီများ၏ မူဝါဒလမ်းစဉ်များ ပိုမိုတည်တံ့ခိုင်မြဲစေခြင်း၊
- ❖ မဲဆန္ဒရှင်များအနေဖြင့် မဲရုံများသို့ သွားရောက်မဲပေးခြင်းသည် တန်ဖိုးရှိသည်ဟူသော အမြင်နှင့် ယုံကြည်မှုမြင့်မားလာပြီး မဲပေးမှုရာခိုင်နှုန်း (Voter Turn Out) ကောင်းလာစေခြင်း၊
- ❖ ပါတီစုံနှင့် လူတန်းစားစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် စွမ်းဆောင်ရည် မြင့်မားသော အစိုးရတစ်ရပ် ဖွဲ့စည်းဖော်ဆောင်နိုင်ခြင်း၊
- ❖ တိုင်းရင်းသားပါတီများနှင့် လူနည်းစုပါတီများအနေဖြင့် ကိုယ်စားလှယ်နေရာပိုမိုရရှိပြီး ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပိုမိုပါဝင်ခွင့် ရရှိခြင်း၊
- ❖ တိုင်းရင်းသားပါတီများအနေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် ပိုမိုပါဝင်ခွင့်ရရှိပြီး မိမိတိုင်းရင်းသားမျိုးနွယ်စု၏ အကျိုးကို ပိုမိုဖန်တီးဖော်ဆောင်နိုင်ခြင်း၊
- ❖ လွှတ်တော်အတွင်း ပါတီစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ၏ စုံညီမျှတစွာ အချိုးကျကိုယ်စားပြုခွင့်ရရှိခြင်းဖြင့် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းရေး အထောက်အကူဖြစ်ခြင်းတို့ ဖြစ်ပါတယ်။

**Presenter ။ ။ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း လွှတ်တော်ရွေးကောက်ပွဲတွေမှာ FPTP စနစ်မှ PR စနစ်သို့ ပြောင်းလဲကျင့်သုံးတော့မယ်လို့ သတင်းစကားများ ကြားသိနေရပါပြီ။ ဒီအတွက် PR စနစ်ပြောင်းလဲမည့် အလားအလာများနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးပေးပါဦးခင်ဗျား။**

**ဦးခင်မောင်ဦး။** ။မြန်မာနိုင်ငံဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများမှာ FPTP စနစ်မှ PR စနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရေး အလားအလာများနဲ့ ပတ်သက်ပြီးတော့ ၁၃-၇-၂၀၁၂ ရက်မှာ နိုင်ငံရေးပါတီ ၁၀ ပါတီပါဝင်တဲ့ ဒီမိုကရေစီမိတ်ဆွေပါတီများက ရွေးကောက်ပွဲစနစ်ပြုပြင်ရေးနှင့် ပတ်သက်၍ သဘောထားအကြံပြုချက် တင်ပြစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံ တင်ပြခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်းကလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန်အတွက် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန် အဆိုကို ၃-၆-၂၀၁၄ ရက် အမျိုးသားလွှတ်တော် အစည်းအဝေးမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခဲ့ရာ အဆိုအောင်မြင်ခဲ့သဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် PR ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်ကို အမျိုးသားလွှတ်တော်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။

အကောင်အထည်ဖော်ရေးကော်မရှင်အနေနဲ့ အချိုးကျကိုယ်စားပြုစနစ် ပုံစံအမျိုးမျိုးနဲ့ ရွေးကောက်ပွဲဒီဇိုင်းပုံစံအလိုက် အားသာချက်နဲ့ အားနည်းချက်များကို ဆွေးနွေးလေ့လာပြီး အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း ယင်းသက်တမ်းကာလအတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့တာကို လေ့လာသိရှိခဲ့ရပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများမှာ မြန်မာနိုင်ငံနဲ့ သင့်လျော်ကိုက်ညီမည့် ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခြင်းများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလများ၌ လေးကြိမ်ဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့ပါတယ်။ ပထမနှစ်ကြိမ်ကို နေပြည်တော်တွင် ဆောင်ရွက်ခဲ့ပြီး အချိုးကျ ကိုယ်စားပြုစနစ် ကျင့်သုံးရေးကို မူအားဖြင့် သဘောတူညီခဲ့ကြပါတယ်။ ဒုတိယနှစ်ကြိမ်ကို ရန်ကုန်မြို့မှာ ဆောင်ရွက်ခဲ့ပြီး ပါတီများရဲ့ စာတမ်းများဖတ်ကြားခြင်း၊ ရွေးကောက်ပွဲဒီဇိုင်းနဲ့စပ်လျဉ်းပြီး ပါတီအစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်း၍ စာတမ်းများ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ ရရှိတဲ့ ဘုံသဘော တူညီချက်တွေကတော့ –

- ❑ လာမည့်ရွေးကောက်ပွဲများတွင် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List – PR) စတင်ကျင့်သုံးရန်၊
- ❑ မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ရွေးကောက်ပွဲအတွေ့အကြုံနှင့် နိုင်ငံရေး ယဉ်ကျေးမှုရေချိန်မြင့်တက်လာချိန်တွင် (Open List – PR) သို့မဟုတ် အခြား PR စနစ်တစ်မျိုးမျိုးကို ပြောင်းလဲကျင့်သုံးရန်၊
- ❑ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်များကို ပိုင်းခြား၍ ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ဆောင်ရွက်ရန်၊
- ❑ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁(က)ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်နှင့် ပုဒ်မ ၁၆၁(ခ)ပါ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်အတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန်၊
- ❑ Closed List- PR အတွက် နိုင်ငံရေးပါတီများက မိမိပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း အမည်စာရင်းအား ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ ကြိုတင် တင်ပြရန်၊
- ❑ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲပေးလိုသည့်ပါတီနှင့် ၎င်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို သိရှိနိုင်ရန် ပါတီအမည်အောက်တွင် ကိုယ်စားလှယ်လောင်းအမည်နှင့် ဓာတ်ပုံဖော်ပြထားသော ဗီနိုင်းပိုစတာများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားရန်၊
- ❑ Closed List – PR စနစ်၏ မဲရေတွက်မှုနည်းလမ်းအရ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲအများဆုံးစနစ် (The Largest Remainder) ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်အလိုက် ခိုင်လုံမဲအပေါ်မူတည်၍ ကိုယ်စားလှယ်တစ်ဦး ရရှိရမည့် အနိမ့်ဆုံးအခြေခံမဲ (Threshold) သတ်မှတ်ရန်၊
- ❑ PR စနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများဖောင်းပွလာနိုင်မှုအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်သော်လည်းကောင်း၊ ညွှန်ကြားကြပ်မတ်ထိန်းကျောင်းခြင်းဖြင့်လည်းကောင်း ကန့်သတ်ရန်၊
- ❑ ပြောင်းလဲကျင့်သုံးမည့် PR စနစ်ဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ နားလည်သဘောပေါက်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်။

**Presenter။ ။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ သဘောတူညီချက်အရ လာမည့်ရွေးကောက်ပွဲတွေမှာ Closed List – PR ကို ပြောင်းလဲကျင့်သုံးမှာဖြစ်တဲ့အတွက် Closed List – PR စနစ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဘာတွေများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီလဲဆိုတာ ဆက်ပြီးတော့ ဆွေးနွေးပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။** ။မြန်မာနိုင်ငံဟာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ရွေးကောက်ပွဲများကို မဖြစ်မနေ ပြုလုပ်ရမှာဖြစ်ပြီး အရည်အချင်းပြည့်မီတဲ့ ကိုယ်စားလှယ်များကို ရွေးချယ်ပေးရမည့် လုပ်ငန်းဖြစ်လို့ နိုင်ငံအတွက် အလွန်အရေးအကြီးပါတယ်။ ဒါ့ကြောင့်လည်း လက်ရှိကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ် FPTP အစား လူထုကိုယ်စားပြုမှုကို တိုးမြှင့်ဖော်ဆောင်ပေးနိုင်ပြီး နိုင်ငံတော်၏ လက်ရှိအခြေအနေနဲ့ ကိုက်ညီမယ့် ရွေးကောက်ပွဲစနစ် PR ကို ပြုပြင်ပြောင်းလဲကျင့်သုံးဖို့ လိုအပ်လာပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ နိုင်ငံရေးပါတီများနဲ့ ဆွေးနွေးသဘောတူညီချက်အရ Closed List –PR စနစ်ကို ပြောင်းလဲကျင့်သုံးဖို့ ပြင်ဆင်မှုများဆောင်ရွက်နေပြီဖြစ်ပါတယ်။ PR စနစ်ပြောင်းလဲကျင့်သုံးဖို့ ပထမအချက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်းမှ လိုက်လျောညီထွေမှုရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း၊ ပုဒ်မ ၁၄၁ အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း၊ ပုဒ်မ ၁၆၁ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေကို ပြောင်းလဲခြင်းမပြုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ ပါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ မဲဆန္ဒနယ်များကို PR စနစ်နှင့် လိုက်လျောညီထွေစွာ ပြောင်းလဲသတ်မှတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေများကို ပြောင်းလဲကျင့်သုံးမယ့် PR နစ်နဲ့ ကိုက်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပြဋ္ဌာန်းချက်အသစ်များနဲ့ တစ်ဆက်တစ်စပ်တည်း နည်းဥပဒေများနဲ့ လုပ်ငန်းလမ်းညွှန်များကိုလည်း ပြင်ဆင်ရေးဆွဲထားပြီး ဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နဲ့ ကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဌာနတွင်း ရွေးကောက်ပွဲပညာပေးသင်တန်း Internal Training များ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ မဲဆန္ဒရှင်အသိပညာပေးခြင်းအစီအစဉ် Civic and Voter Education Programme များကိုလည်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ စတုတ္ထအချက်အနေနဲ့ ရွေးကောက်ပွဲအတွက် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ်တဲ့ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနဲ့စိစစ်ခြင်း လုပ်ငန်းစဉ်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ အမျိုးသားလွှတ်တော်ဖွဲ့စည်းရာမှာပါရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသတစ်ခုစီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ခြင်းနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၆၁ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ဖွဲ့စည်းရာမှာပါရှိတဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ချက်နဲ့အညီ ရရှိမည့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များကိုတော့ တစ်ဦးစီရွေးကောက်တင်မြှောက်ရမှာဖြစ်လို့ FPTP စနစ်ဖြင့်သာ ရွေးကောက်တင်မြှောက်ရမှာ ဖြစ်ပါတယ်။

**Presenter ။ ။ဟုတ်ကဲ့ပါ၊ လာမယ့်ရွေးကောက်ပွဲတွေမှာ ပြောင်းလဲကျင့်သုံးတော့မယ့် Closed List–PR စနစ်နဲ့ပတ်သက်ပြီးတော့ မဲဆန္ဒရှင်တွေက မဲဘယ်လိုပေးရမယ်၊ ဆန္ဒမဲတွေကို အချိုးကျကိုယ်စားပြုစနစ်နဲ့ ဘယ်လိုတွက်ချက်ရမယ်ဆိုတာကို မဲဆန္ဒရှင်တွေသိရှိသွားအောင် ရှင်းပြပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။** ။Closed List – PR စနစ်နဲ့ ကျင်းပတဲ့ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမယ့် ကိုယ်စားလှယ်အရေအတွက်အတိုင်း နိုင်ငံရေးပါတီများက ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ တင်ပြရပါမယ်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများကလည်း အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်က ဆန္ဒမဲလက်မှတ်မှာ မိမိနှစ်သက်ရာ ပါတီအမည် သို့မဟုတ် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအမည်ကို တစ်ကြိမ်သာ ဆန္ဒပြုရမှာ ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ**




**လွှတ်တော်ကိုယ်စားလှယ် ၈ ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်၌ ပါတီများအလိုက် ကြိုတင် တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ် (နမူနာပုံစံ)**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလှ | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

**Closed List – PR စနစ်နဲ့ ကျင်းပတဲ့ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမယ့် ကိုယ်စားလှယ်အရေအတွက်အတိုင်း နိုင်ငံရေးပါတီများက ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်းကော်မရှင်သို့ တင်ပြရပါမယ်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများကလည်း အမည်စာရင်းတင်သွင်းရမှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်က ဆန္ဒမဲ လက်မှတ်မှာ မိမိနှစ်သက်ရာ ပါတီအမည် သို့မဟုတ် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအမည်ကို တစ်ကြိမ်သာ ဆန္ဒပြုရမှာ ဖြစ်ပါတယ်**

## အချိုးကျကိုယ်စားပြု (Closed List) စနစ်ဖြင့် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲလက်မှတ် နမူနာပုံစံ

- ❖ မဲရုံတွင် မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ပါတီ / ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် “A” အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
- ❖ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ပါတီ / ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်ကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှန်အမှတ်အသား “A” ခြစ်ပေးပါ။
- ❖ ပါတီ / ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| (A) ပါတီ |  | |
| (B) ပါတီ |  | |
| (C) ပါတီ |  | |
| (D) ပါတီ |  | |
| ဦးဘ (တစ်သီးပုဂ္ဂလ) |  | |

မဲရုံမှူးလက်မှတ် ------------
အမည် --------------------

ပါတီအသီးသီးနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများရရှိတဲ့ ထောက်ခံဆန္ဒမဲအပေါ် မူတည်ပြီးတော့ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်အရေအတွက်ကို အချိုးကျစနစ်နဲ့ တွက်ချက်ရမှာဖြစ်ပါတယ်။ (The Largest Remainder) ကြွင်းကျန်မဲအများဆုံးစနစ်နဲ့ မဲရေတွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲများရေတွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အနေနဲ့ကတော့ –

**နိုင်ငံရေးပါတီများနှင့်တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ ရရှိသည့် ခိုင်လုံမဲများအရ ကိုယ်စားလှယ်ဦးရေ တွက်ချက်ခြင်းနည်းလမ်း**

**(လွှတ်တော် ကိုယ်စားလှယ် ၈ ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်အတွက် နမူနာပုံစံ)**

$$\text{ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံး ရရှိရမည့် အခြေခံမဲ (Threshold)} = \frac{(\text{ခိုင်လုံမဲစုစုပေါင်း})}{(\text{ကိုယ်စားလှယ်အရေအတွက် + ၁})} + ၁$$

$$= \frac{(၉၀၀၀၀၀)}{(၈ + ၁)} + ၁$$

$$= ၁၀၀၀၀၁ \text{ မဲ}$$

- ❖ လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်တွင် ဝင်ရောက် ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ လေးပါတီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတို့၏ ခိုင်လုံမဲများကို စုပေါင်း၍ ယင်းမဲဆန္ဒနယ်တစ်ခုလုံး၏ ခိုင်လုံမဲစုစုပေါင်းအဖြစ် တွက်ချက်ရမည်။ ခိုင်လုံမဲစုစုပေါင်း ၉၀၀၀၀၀ ဖြစ်ပါသည်။
- ❖ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ (Threshold)ကို ပထမဦးစွာတွက်ချက်ရမည်။ ခိုင်လုံမဲစုစုပေါင်းကို ယင်းမဲဆန္ဒနယ်တွင် ရွေးကောက်တင်မြှောက်ရမည့် (ကိုယ်စားလှယ်အရေအတွက် + ၁)ဖြင့် စားခြင်းရလဒ်အား (+ ၁) ထပ်ပေါင်းတွက်ချက်၍ ရရှိသောမဲအရေအတွက်ကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့် အခြေခံမဲ (Threshold)အဖြစ်သတ်မှတ်ရမည်။ အခြေခံမဲမှာ ၁၀၀၀၀၁ ဖြစ်ပါသည်။ (ဒသမရှေ့ဂဏန်းကိန်းပြည့်ကိုသာယူရန်)

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | ပထမရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကြွင်း ကျန်မဲပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စား လှယ်ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| (A)ပါတီ | ၃၃၀,၀၀၀ | ၃ | ၂၉,၉၉၇ | – | ၃ |
| (B)ပါတီ | ၁၉၀,၀၀၀ | ၁ | ၈၉,၉၉၉ | ၁ | ၂ |
| (C)ပါတီ | ၆၀,၀၀၀ | – | ၆၀,၀၀၀ | – | – |
| (D)ပါတီ | ၂၂၀,၀၀၀ | ၂ | ၁၉,၉၉၈ | – | ၂ |
| ဦးဘ (တစ်သီးပုဂ္ဂလ) | ၁၀၀,၀၀၀ | – | ၁၀၀,၀၀၀ | ၁ | ၁ |
| စုစုပေါင်း | ၉၀၀,၀၀၀ | ၆ | | ၂ | ၈ |

*စာမျက်နှာ ၁၈ သို့*

# ပဲခူးမြို့၌ စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသား/ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကျင်းပ

ပဲခူး ဒီဇင်ဘာ ၁၁

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဒီဇင်ဘာ ၁၀ ရက်တွင် အမျိုးသား/အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



အဆိုပါ အမျိုးသား/အမျိုးသမီး မီနီမာရသွန် ပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ အမျိုးသား အားကစားသမား ၉၁၅ ဦး၊ အမျိုးသမီး အားကစားသမား ၃၁၂ ဦး စုစုပေါင်း ၁၂၂၇ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး အမျိုးသားမီနီမာရသွန် ပြိုင်ပွဲကို ပဲခူးမြို့အဝင်(တိုးဂိတ်)မှ ရွှေမော်ဓော ဘုရားလမ်း၊ တိုင်းဒေသကြီး အားကစားကွင်းအရှေ့ အထိလည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ပဲခူးတက္ကသိုလ်အနီး မြို့ရှောင်လမ်း ဘုရင့်နောင် ရုပ်တုရှေ့မှ ရွှေမော်ဓောဘုရားလမ်း တိုင်းဒေသကြီး အားကစားကွင်း အရှေ့အထိလည်းကောင်း ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဟံသာဝတီယူနိုက်တက်ဘောလုံးအားကစားကွင်းတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး ဥပဒေချုပ် တို့က နှစ်သိမ့်ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အမျိုးသား/ အမျိုးသမီး အထူးဆုရရှိသူ ခြောက်ဦးကို ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးတို့က အမျိုးသား/ အမျိုးသမီး တတိယဆုရရှိသူ နှစ်ဦးအား ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်းစီကို လည်းကောင်း၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အမျိုးသား/ အမျိုးသမီး ဒုတိယဆုရရှိသူ နှစ်ဦးအား ဆုတံဆိပ်နှင့် ငွေကျပ် ခုနစ်သိန်းစီကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရား သူကြီးချုပ်က အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမျိုးသား မီနီမာရသွန်ပြိုင်ပွဲ ပထမဆုရရှိသူကို ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက ပန်းဝင်လာသူများအား ဆိုင်ကယ် နှစ်စီး၊ စက်ဘီးအစီး ၂၀ နှင့် ငွေကျပ် တစ်သိန်းဆု ကိုးဆုကို ထပ်မံကံစမ်းမဲဖောက်ကာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်အစိုးရအဖွဲ့က အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)သို့ ဆန်နှင့် ထောက်ပံ့ငွေများပေးအပ်

**လွိုင်ကော် ဒီဇင်ဘာ ၁၁**

ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၀ ရက်က အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)သို့ သွားရောက်ပြီး သင်တန်းတက်ရောက်လျက်ရှိသော တိုင်းရင်းသား သင်တန်းသား သင်တန်းသူများ အင်အားဖြည့်စားသောက်နိုင်ရန် ဆန်နှင့် ထောက်ပံ့ငွေ များ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားရာတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်လေ့ကျင့်သင်ကြားနေကြသည့် သင်တန်းသား



သင်တန်းသူများသည် အခြေခံပညာနှင့် အားကစားကို ပေါင်းစပ်လေ့ကျင့်သင်ကြားလျက်ရှိကြပြီး ကြံ့ခိုင်မှုပိုမိုရှိလာစေရန်နှင့် အာဟာရ ပိုမိုပြည့်ဝစွာ စားသောက်နိုင်ရန်အတွက် ထောက်ပံ့ငွေနှင့် ဆန်များပေးအပ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် အခြေခံပညာနှင့် မိမိရွေးချယ်ထားသည့် အားကစားနည်းများအလိုက် အကောင်းဆုံးရည်မှန်းချက်ထားရှိပြီး ထူးချွန်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် သင်တန်းအလိုက် ချမှတ်ထားသည့် စည်းကမ်းများကိုလည်း တိကျစွာ လိုက်နာကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်ဂုဏ်ကို ဆောင်နိုင်မည့် သားကောင်း၊ သမီးကောင်းများဖြစ်အောင် ကြိုးစားကြရန် အထူးအရေးကြီးကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံး၊ ပြေးခုန်ပစ်၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ အားကစားနည်းများမှ သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်း အခက်အခဲများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ဆန်များကို ပေးအပ်ရာ ဒုတိယကျောင်းအုပ် ဦးဇော်မင်းထွေးက လက်ခံယူခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတင်ဆက်မည့် ကယားပြည်နယ်ကိုယ်စားပြု တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များက လွိုင်ကော်ခရိုင်စုပေါင်းရုံး၌ အင်တိုက်အားတိုက် လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အကအဖွဲ့နည်းပြများနှင့် အကအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။ **ကိုဇင်(လွိုင်ကော်)**

## စာဖတ်ဝိုင်းနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**နမ္မတူ ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာပေဝါသနာပါသူ အဖွဲ့ဝင်များ စုစည်း၍ စိန်ရတုလွတ်လပ်ရေးနေ့အကြို စာဖတ်ဝိုင်းနှင့် စာအုပ်၊ စာစောင်ပြပွဲ မြို့နယ် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ချစ်ချစ်ပိုင်က စာဖတ်ဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ပြောကြားပြီး စာရေးဆရာ အောင်သင်း၏ “လူငယ်နှင့် အမိုက်တရား လူငယ်နှင့်အသိပညာ” စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ကျင်းပရာ Book Club အဖွဲ့ဝင်များက စာအုပ်ပါ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးကြပြီး ဒုတိယဦးစီးမှူးက ဖြည့်စွက် ဆွေးနွေးသည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြို စာအုပ်၊ စာစောင်ပြပွဲကို ခင်းကျင်းပြသပြီး Book Club အဖွဲ့ဝင်များက လေ့လာကြည့်ရှုခဲ့သည်။

**လူမော် (ပြန်/ဆက်)**



*စာမျက်နှာ ၁၇ မှ*

- လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် သတ်မှတ်ထားသည့် အခြေခံမဲဖြင့် နိုင်ငံရေးပါတီတစ်ခုစီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီရရှိသည့် ခိုင်လုံမဲကို စားခြင်းရလဒ်ဖြင့် တွက်ချက်ရာ အခြေခံမဲအရ (A)ပါတီ သုံးဦး၊ (B) ပါတီ တစ်ဦး၊ (D) ပါတီ နှစ်ဦးဖြင့် ကိုယ်စားလှယ် အရေအတွက် ခြောက်ဦးကို ရွေးကောက်နိုင်ပါသည်။
- နိုင်ငံရေးပါတီ လေးပါတီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတို့၏ ကြွင်းကျန်သောမဲအရေအတွက်မှာ ကြွင်းကျန်မဲအများ အနည်းအရ ဦးဘ (တစ်သီးပုဂ္ဂလ)က အများဆုံး၊ (B)ပါတီက ဒုတိယအများဆုံး၊ (C)ပါတီက တတိယအများဆုံး၊ (A)ပါတီက စတုတ္ထ အများဆုံးနှင့် (D)ပါတီက အနည်းဆုံးဖြစ်ပါသည်။
- သတ်မှတ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ ရှစ်ဦး ပြည့်မီခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကြွင်းကျန်သောမဲများကို အများအနည်း အလိုက် တန်းစီဇယားအရ ကြွင်းကျန်မဲအများဆုံးဖြစ်သော ဦးဘ(တစ်သီးပုဂ္ဂလ)နှင့် (B)ပါတီက လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ထပ်ဆောင်းရရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ရှစ်ဦးကို တွက်ချက်ရရှိမည်ဖြစ်ပါသည်။
- အဆိုပါတွက်ချက်မှုများအရ (A) ပါတီ ရရှိသော ကိုယ်စားလှယ်အရေအတွက် သုံးဦး၊ (B) ပါတီ ရရှိသော ကိုယ်စားလှယ်အရေအတွက် နှစ်ဦး၊ (D) ပါတီ ရရှိသော ကိုယ်စားလှယ်အရေအတွက် နှစ်ဦး၊ ဦးဘ (တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်) တစ်ဦး စုစုပေါင်း ရှစ်ဦး ရွေးကောက်တင်မြှောက်ခံရမှာ ဖြစ်ပါတယ်။

**Presenter ။ ။ ဟုတ်ကဲ့ပါ၊ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်များ၊ မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများနှင့် လာမယ့်ရွေးကောက်ပွဲများမှာ ပြောင်းလဲကျင့်သုံးမယ့် စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ် (Closed List – PR)အကြောင်းကို အကျယ်တဝင့် ဆွေးနွေးပေးခဲ့ပြီး ဖြစ်ပါတယ်။ (Closed List– PR)စနစ်ဖြင့် ဆန္ဒမဲပေးခြင်းနှင့် ဆန္ဒမဲများရေတွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း မဲဆန္ဒရှင်များသိရှိအောင် နမူနာဇယားများဖြင့် ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးလိုက်ခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရရှိလာမယ့်အကျိုးကျေးဇူးများနဲ့ သတိပြုရမယ့်အချက်များကို အနှစ်ချုပ် သုံးသပ်ဆွေးနွေးပေးပါ ဆရာ။**

**ဦးခင်မောင်ဦး။** ။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဦးတည်ချက်ကတော့ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရမှာ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ကိုယ်စားပြုခြင်းတို့ပါဝင်ပြီး ဖက်ဒရယ်စနစ်ရဲ့ အခြေခံသဘောတရားကတော့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မတူကွဲပြားတဲ့ တိုင်းရင်းသားလူမျိုးစုတွေ အတူတကွ ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းနဲ့ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးခြင်းဆိုတဲ့ သဘောတရားပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲများဟာ ဒီမိုကရေစီရဲ့အခြေခံအုတ်မြစ်ဖြစ်ပြီး ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ FPTP ရွေးကောက်ပွဲစနစ်အရ ပါတီတစ်ခုတည်းကသာ အာဏာသုံးရပ်လုံးကို ချုပ်ကိုင်ခဲ့တာ ဖြစ်ပေမယ့် ယခုပြောင်းလဲကျင့်သုံးတဲ့ PR စနစ်အရဆိုရင် ပါတီကြီး၊ ပါတီငယ်၊ တိုင်းရင်းသားများ၊ လူနည်းစုများအားလုံးက ဥပဒေပြုရေးမှာရော အုပ်ချုပ်ရေးကဏ္ဍမှာပါ အချိုးကျကိုယ်စားပြု ပါဝင်လာတော့မှာဖြစ်တဲ့အတွက် မျှတတဲ့ကိုယ်စားပြုမှုနဲ့ ခွဲဝေကျင့်သုံးနိုင်မှုတို့ကို တိုးမြှင့်ဖော်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုစေလိုတာကတော့ ဗဟုနိုင်ငံရေးစနစ် ပိုမိုပေါ်လွင်လာမှာဖြစ်တဲ့အတွက် မတူကွဲပြားမှုများမှသည် တူညီသောစုစည်းမှုအင်အားများရရှိနိုင်အောင် နိုင်ငံရေးအမြင်၊ အမျိုးသားရေးအမြင်ဖြင့် တည်ဆောက်နိုင်ဖို့လိုပါတယ်။ ပါတီတွေက အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်တွေကို ဦးစားပေးဖို့လိုပါမယ်။ ပါတီစုံပါဝင်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံရေးအစွန်းရောက်မှု၊ လူမျိုးရေး၊ ဘာသာရေး၊ ဝါဒရေးအစွန်းရောက်မှုများကို နိုင်ငံရေးအသိ၊ နိုင်ငံရေးအမြော်အမြင်ရှိရှိဖြင့် သတိပြုရှောင်ရှားနိုင်ဖို့ လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

# ဝမ်းတစ်လုံး ကောင်းသော်

**ဆရာနောင်**


ဝမ်းတစ်လုံးကောင်းသော် ခေါင်းမခဲဟူသော ဆိုရိုးစကားကို မြန်မာနိုင်ငံသား အတော်များများ ကြားဖူးကြသည်။ အချင်းချင်းကြားမှာလည်း ပြောလေ့ပြောထရှိသည်။ ထိုစကား၏ အဓိပ္ပာယ်မှာ ဝမ်းမကောင်းလျှင် (ဗိုက်အောင့်၊ ဗိုက်နာ၊ ဝမ်းလျှောလျှင်) ခေါင်းကိုက်မည်ဟူသော သဘောမျိုးမဟုတ်။ ဝမ်း တစ်နည်းပြောရပါက အစာကြေချက်မှုကောင်းနေလျှင် စိတ်ညစ်စရာအကြောင်းမရှိဟု ဆိုလိုရင်းဖြစ်သည်။ ဤသည်မှာ အလွန်သဘာဝကျသည်။ ခန္ဓာကိုယ်မှာ နေ့စဉ်နှင့်အမျှ ရုပ်ခန္ဓာပျက်ယွင်းခြင်းနှင့် အသစ်အစားထိုး တည်ဆောက်ရခြင်းများ ရှိနေသည်။ အသစ်အစားထိုး တည်ဆောက်ရန်အတွက် အာဟာရကို အမှီပြုရသည်။ အစာပုံမှန်စားဝင်နေပြီး ကြေချက်စုပ်ယူမှုကလည်း ကောင်းနေမည်ဆိုပါက ခန္ဓာကိုယ်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းသည် အဆင်ပြေချောမွေ့ နေပေလိမ့်မည်။ ထိုသို့မဖြစ်လာခဲ့လျှင် ခန္ဓာကိုယ်က အပျက်အစီးများကို ကောင်းစွာပြုပြင်တည်ဆောက်နိုင်ခြင်း မရှိသည့်အတွက် ရောဂါဘယများ နောက်က လိုက်လာပါလိမ့်မည်။ သို့ဖြစ်၍ ဝမ်းတစ်လုံးကောင်းဖို့ အမှန်ပင် လိုအပ်ပါသည်။

### ဒေသနာဆေးပညာနှင့် သိပ္ပံဆေးပညာ

ဝမ်းတစ်လုံးအကြောင်းကို ပြောသည့်အခါ မြန်မာများလက်ခံထားသော ဒေသနာဆေးပညာနှင့် သိပ္ပံဆေးပညာကြားမှာ အပြောအဆို ကွဲလွဲမှုလေးတွေရှိသည်။ သို့သော် ပင်မအယူအဆပိုင်းမှာ ကွဲလွဲမှု သိပ်မရှိပါ။ ဝမ်း တစ်နည်းဆိုရလျှင် အစာကြေချက်စုပ်ယူမှု အကြောင်းပြောသည့်အခါ ဒေသနာဆေးပညာက ဝမ်းမီးဆိုသည်ကို အခြေပြုပြီး ပြောပါသည်။ အသက် ၄၅ နှစ်ကျော်လာသည့် လူကြီးပိုင်းမှာ ဝမ်းမီးသည် ကျမီးဖြစ်သည်ဟု အဆိုရှိသည်။ ဆုတ်ယုတ်လာသော ဝမ်းမီးဖြစ်၍ ရုပ်ခန္ဓာတစ်စတစ်စ ကျဆင်းလာ ပြီး အိုမင်းရင့်ရော်လာသည်ဟုလည်းဆိုသည်။ အသက်၇၀ ကျော်သူတို့မှာရှိသော ဝမ်းမီးကိုမူ လူအိုဝမ်းမီးဟု သတ်မှတ်သည်။ လူအိုတို့တွင် စားလိုက်သောက်လိုက်သော အစာအာဟာရတို့သည် အဆီအသား အဖြစ်နည်းကာ ပြာအဖြစ်များသဖြင့် ဆံပင်ဖြူ၊ ခါးကိုင်း၊ နားထိုင်း၊ မျက်စိမှုန်ခြင်းများ ဖြစ်လာရသည်ဟုဆိုသည်။ သိပ္ပံဆေးပညာအရလည်း လူအိုတို့တွင် အစာကြေချက်စုပ်ယူမှု အားနည်းလာသည်ကို လက်ခံသည်။ ထိုသူတို့တွင် ခန္ဓာကိုယ်မှာ အပြုထက် အပျက်တွေ ပိုများလာသည်ကိုလည်း အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။

### အစားအသောက်ကို ချင့်ချိန်စားသောက်

သွေးသားအားကောင်းသည့် အသက် ၄၅ နှစ်အောက် လူငယ်၊ လူလတ်ပိုင်းမှာ စားချင်ရာစား၊ စားနိုင်သလောက် စားသည်မှာ သဘာဝကျသော်လည်း လူကြီးပိုင်းမှာ ဝမ်းတစ်လုံးကောင်းလိုသည်ဟု ဆိုလျှင် အစားအသောက်ကို ချင့်ချိန်စားသောက်ရတော့မည် ဖြစ်ပါသည်။ ကြေညက်လွယ်သော အစာတို့ကို အဓိကထားပြီး စားရတော့မည်။ ထိုအခါမျိုးတွင် ရေဓာတ်ပါဝင်မှုနည်းပြီး ကြေညက်ခဲသော အကြော်အလှော်များကို တတ်နိုင်သမျှ လျှော့ရတော့မည်။ ကင်ဖုတ်ပြီး စားရသည့် အစာများကို တတ်နိုင်သမျှ လျှော့ရတော့မည်။ သိပ္ပံဆေးပညာအရမူ ကင်ထားသည့်အစာများ အစားများလျှင် ကင်ဆာရောဂါ ဖြစ်နိုင်ခြေများသည်ဟုဆိုရာ မစားဘဲနေခြင်း သို့မဟုတ် လျှော့စားခြင်းက သဘာဝကျပါသည်။ အမျှင်ဓာတ်များသော သစ်သီးဝလံဟင်းသီးဟင်းရွက်တို့ကို အားပြုစားခြင်းက ဝမ်းတစ်လုံးကောင်းဖို့ အကျိုးပြုပါသည်။ တိုင်းရင်းဆေးပညာက ချိုချဉ်ငန်စပ်ဖန်ခါး ရသာခြောက်ပါး စုံအောင်စားဟု ဆိုထားခြင်းနှင့်လည်း ကိုက်ညီမှု ရှိပါသည်။ အစားအမျိုးစုံအောင်၊ မျှတအောင်စားခြင်းက အရေးကြီးသလို အတိုင်းအချင့်ဖြင့် စားခြင်းကလည်း အရေးကြီးပါသည်။ ဝမ်းပြည့်၍ စိတ်ကျေနပ်မှုရပြီဆိုလျှင် ရပ်သင့်သည်။ မိမိကြိုက်သော အစာကို ငယ်ငယ်ကလို ပြည့်အင့်အောင် မစားသင့်။ အစာကို တစ်ကြိမ်တည်းနှင့် ပြည့်တင်းအောင် စားမည့်အစား အကြိမ်ကြိမ်ခွဲပြီးစားခြင်းက ကြေချက်စုပ်ယူမှုကို ပိုအားကောင်းစေပါသည်။



### ရေသောက်ခြင်း

ဝမ်းတစ်လုံးကောင်းရန် အထောက်အကူပြုသည့် အရာများတွင် ရေသောက်ခြင်းကလည်း အရေးကြီးသည့်နေရာမှ ပါဝင်သည်။ အစာချေရည်များ ကောင်းစွာထွက်ရန် ရေလိုသည်။ ကြေချက်ပြီး အစာများကို ကောင်းစွာစုပ်ယူဖို့ ရေလိုသည်။ စုပ်ယူပြီးသော အာဟာရတို့ကို သွေးမှတစ်ဆင့် လိုအပ်သောနေရာများသို့ ပေးပို့နိုင်ရန် ရေလိုသည်။ ဝမ်းထဲမှ အညစ်အကြေးများ ရှင်းထုတ်ရန် ရေလိုသည်။ ခန္ဓာကိုယ်ရှိ ဆဲလ်များ ဖွဲ့စည်းတည်ဆောက်ရန်အတွက် ရေ(ဒေသနာဆေးပညာအရ ပြောလျှင် အာပေါ)လိုသည်။ ထို့ကြောင့် နေ့စဉ်လုံလောက်သော ရေပမာဏကို အတိုင်းအချင့်ဖြင့် သောက်ရမည်။ ရေဆာမှ ထသောက်ဟူသော အယူအဆသည် လူငယ်လူလတ်ပိုင်းတွင် မှန်နိုင်သော်လည်း အသက် ၅၀ မှ အထက်လူကြီးပိုင်းတွင် မမှန်။ လူကြီးပိုင်းတွင် ရေဆာသော အာသီသသည် လူငယ်များမှာထက် လျော့နည်းသည်။ ထို့ကြောင့် အသက်တော်တော်ကြီးကြီးဖြစ်သော လူတစ်ယောက် ရေဆာပြီဟုဆိုလျှင် သူ့မှာ ကိုယ်တွင်းရေခန်းခြောက်မှု အတိုင်းအတာ တစ်ခုအထိ ရှိနေပါပြီ။ ထို့ပြင် အချို့လူကြီးများမှာ အရိုးအဆစ်ရောဂါကြောင့် အလွယ်တကူ ရေထမသောက်နိုင်ခြင်းမျိုးလည်း ရှိသည်။ ထို့ကြောင့် အသက် ၅၀ ကျော် လူကြီးပိုင်းတွင် လက်လှမ်းမီယူသောက်နိုင်သော သောက်ရေပုလင်းများ ထားပေးသင့်သည်။ အရွယ်ရောက်ပြီးသူတိုင်းသည် တစ်နေ့လျှင် သောက်ရေ ၁ ဒသမ ၅ လီတာ မဖြစ်မနေ သောက်သင့်ပါသည်။ နွေရာသီတွင် ရေပိုသောက်ဖို့ လိုနိုင်ပါသည်။

### ကံ၊ စိတ်၊ ဥတု၊ အာဟာရ

ဒေသနာဆေးပညာ အလိုအရ ဝမ်းတစ်လုံးကောင်းဖို့အရေးတွင် ကံ၊ စိတ်၊ ဥတု အာဟာရဟူသော အချက်လေးခု အပေါ်မူတည်သည်ဟု ဆိုသည်။ကံဟုဆိုရာ၌ ကမ္မဇဟုခေါ်သော အမိဝမ်းတွင်းမှ ပါလာသော ကံကို အဓိကထားပြီးပြောသည်။ မွေးရာပါကံကြောင့် အစာကြေချက်သည့် အင်္ဂါများချို့ယွင်းချက်ပါလာပြီး ဝမ်းမီးမကောင်းခြင်းမျိုး ရှိနိုင်ပါသည်။ သို့သော် ဤကံတစ်ခုတည်းကိုချည်း အပြစ်ပုံမချသင့်။ မိမိကိုယ်တိုင်ပြုလုပ်သော ကံ (ကမ္မ)ကိုလည်း ထည့်ပြီးစဉ်းစားသင့်သည်ဟုထင်သည်။ မျိုးရိုးဗီဇလိုက်ပြီး သွေးချို၊ ဆီးချို ဗီဇပါလာသူများကို ကြည့်လျှင်မြင်သာပါသည်။ ဗီဇပါလာသော်လည်း သွေးချို၊ ဆီးချိုဖြစ်စေမည့်အမူအကျင့်တို့ကို ရှောင်ရှားလိုက်သည့်အခါ ထိုသူမျိုး ရောဂါမဖြစ်ပါ။ ဗီဇပါလာသဖြင့် ရှောင်၍မလွတ်ဟုဆိုပြီး စားချင်သလိုစားသူများ သွေးချို၊ ဆီးချိုရောဂါ ဖြစ်ပါသည်။ ထို့ကြောင့် မွေးရာပါကံမကောင်းသော်လည်း မိမိပြုလုပ်သည့် ပစ္စုပ္ပန်ကံကောင်းအောင် လုပ်သင့်ပါသည်။ အစာကို အတိုင်းအချင့်ဖြင့်စားခြင်း၊ ကြေလွယ်သော အစာစားခြင်း၊ အစာစားပြီးချိန်တွင် ခြေလှမ်းသုံးလေးရာလောက် လမ်းလျှောက်ခြင်းတို့မှာ မိမိပြုလုပ်နိုင်သောကမ္မ ဖြစ်ပါသည်။ လူကြီးပိုင်းတွင် အစာစားပြီးတိုင်း လမ်းအနည်းငယ် လျှောက်ခြင်းဖြင့် ဝမ်းမီးကောင်းအောင် ကူညီပါလိမ့်မည်။

ဝမ်းမီး တစ်နည်းပြောလျှင် အစာကြေချက် စုပ်ယူမှုသည် ရာသီဥတုနှင့် ဆက်စပ်ကြောင်း ယခုအချိန်တွင် သိပ္ပံဆေးပညာက ပြောလာပါပြီ။ ဤကိစ္စကို ဒေသနာဆေးပညာက ပြောထားသည်မှာ နှစ်ပေါင်းရာချီတော့မည်။ နွေရာသီတွင် အပူပြင်းလျှင် ပြင်းသလို အစားအသောက်ပျက်သည်။ ဝမ်းမီးက ပူသော်လည်း အလုပ်လုပ်မှုမှာ နွေရာသီ၌ အားမကောင်း။ ထို့ကြောင့် နွေရာသီတွင် အေးသော အစားအစာများနှင့်အစိမ်းအတိုင်းစားနိုင်သော အစာများကို အလွန်အကျွံ မစားသင့်ဟု ဒေသနာဆေးပညာမှာဆိုသည်။ ထို့အတူ အေးသော ဆောင်းရာသီမှာ ဝမ်းမီးကထက်သဖြင့် အပူအစပ်များသော အစာများ အလွန်အကျွံ မစားသင့်ကြောင်းလည်း ပြောပါသည်။ ဆောင်းရာသီမှာ အနည်းနှင့်အများ ခံတွင်းကောင်းသည်ကို ကြည့်ပြီး ဝမ်းမီး အားကောင်းသည်ကို သိနိုင်သည်။ ဒေသနာဆေးပညာက ဆိုချင်သည်မှာ ရာသီဥတုနှင့်အလိုက်သင့် နေထိုင်စားသောက်ရန် ဆိုလိုရင်းဖြစ်သည်။ သိပ္ပံဆေးပညာမှာလည်း ရာသီကိုလိုက်ပြီး အစာကြေချက်စုပ်ယူမှုများ ပြဿနာရှိနိုင်ကြောင်း ဆိုပါသည်။ မိုးရာသီလို ကာလမျိုးတွင် ဝမ်းမီးကညံ့သည့်အထဲ ရေငွေ့ကြောင့် ပိုးမွှားပေါက်ပွားမှု ပိုသဖြင့် မသန့်သော အစာများစားမိလျှင် ဝမ်းပြဿနာရှိနိုင်ကြောင်း ဆိုသည်။ အေးသောဆောင်းရာသီမှာ လှုပ်ရှားမှုနည်းခြင်းနှင့် နေရောင်ခြည်မရခြင်းကြောင့် အစာကြေချက်မှု အားနည်းနိုင်ကြောင်း ထောက်ပြပါသည်။

ဝမ်းမီးနှင့်စိတ်တို့၏ အဆက်အစပ်ကို ပြောရာတွင်မူ သိပ္ပံဆေးပညာနှင့် ဒေသနာဆေးပညာတို့၏ အယူအဆမှာ တူပြီး ချဉ်းကပ်ပုံသာကွဲလွဲသည်။ သိပ္ပံဆေးပညာက စိတ်ဖိစီးမှုကြောင့် ကော်တီဆောဟော်မုန်းများထွက်ပြီး အစာခြေလမ်းကြောင်းမှာ ရောင်ရမ်းမှုများရှိသည်။ ထို့ကြောင့် အစာကြေချက် စုပ်ယူမှုတွင် အားနည်းချက်များ ရှိနိုင်သလို စားသောက်ချင်စိတ် အပြောင်းအလဲများလည်း ရှိနိုင်သည်ဟု ဆိုသည်။ စိတ်ဖိစီးမှုဆိုရာ၌ လူတွေ နေ့စဉ်ကြုံတွေ့နေရသော လောဘ၊ ဒေါသ၊ မောဟတို့သည် စိတ်ဖိစီးမှုကို ဖြစ်စေတာ သေချာပါသည်။ ထို့ပြင် အာရုံငါးပါးကို အပျက်သဘောထိခိုက်စေသော အရာများ(ဥပမာ– အနံ့ဆိုးကြောင့် အစားပျက်ခြင်း၊ အသံဆူဆူကြောင့် အစားပျက်ခြင်း) ကြောင့်လည်း ဝမ်းမီးကို ထိခိုက်စေကြောင်း ဒေသနာဆေးပညာမှာ အကျယ်တဝင့်ဆိုသည်။ မူကွဲဆေးပညာနှစ်ရပ်၏ ဆိုလိုရင်းကို အနှစ်ချုပ် ပြောရလျှင် ဖိစီးမှုအမျိုးမျိုး နည်းအောင် နေကြရန် ဖြစ်ပါသည်။ မိမိစိတ်ကို သင့်တင့်လျောက်ပတ်စွာ ခံယူတတ်အောင်ကြိုးစားခြင်း၊ ဘာသာတရားဖြင့် စိတ်ကိုငြိမ်းချမ်းစေခြင်း၊ မိတ်ဆွေကောင်းများ ထားရှိခြင်းတို့သည် ဝမ်းမီးကောင်းရန် လုပ်သင့်သော အရာများဖြစ်သည်။ စိတ်ကို ငြိမ်းချမ်းအောင် လုပ်ရာတွင် ကောင်းစွာ အိပ်စက်နိုင်အောင် ကြိုးစားခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ဝမ်းမီးသည် အာဟာရနှင့်လည်း ဆက်စပ်သည်ကို ရှေ့ဘက်တွင် တန်သလောက်ပြောပြီးပါပြီ။ သိပ္ပံဆေးပညာက အာဟာရကို အုပ်စုကြီး ခြောက်ခုခွဲထားသည်။ ထိုအာဟာရများကို တတ်နိုင်သမျှရအောင်စားပါဟု အကြံပြုသည်။ ဒေသနာဆေးပညာက အစာအာဟာရကို အရသာခြောက်ပါးဖြင့် ခွဲခြားသည်။ တတ်နိုင်သမျှ အရသာစုံအောင် စားပါဟု အကြံပြုသည်။ လက်တွေ့နယ်ပယ်တွင်မူ ဈေးထဲသွားပြီး မိမိ ငွေကြေးသုံးစွဲနိုင်မှုနှင့် ချင့်ချိန်ကာ အဆင်ပြေသလို ဝယ်ခြမ်းစားရခြင်းဖြစ်သည်။ သို့သော်ပညာရှင်တို့၏ အကြံပြုချက်ဖြစ်သော အသားကို သင့်ရုံသာစားပါဆိုသည့် အချက်သည်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့ကို တစ်နေ့ငါးကြိမ်လောက် စားနိုင်လျှင် စားပါဆိုသည့်အချက်သည် လည်းကောင်း လက်ရှိမြန်မာနိုင်ငံသားတို့၏ ငွေကြေးသုံးစွဲနိုင်မှုနှင့် ကိုက်ညီသည်သာမက ကျန်းမာရေးကိုလည်း အထောက်အကူပြုပါသည်။

ဝမ်းမီးသို့မဟုတ် အစာကြေညက်စုပ်ယူခြင်းနှင့် ပတ်သက်ပြီး မကြာသေးမီနှစ်များအတွင်း အကျယ်တဝင့် သိလာရသည့်အချက်မှာ အူတွင်းနေ အကျိုးပြုပိုးတို့၏ ကဏ္ဍဖြစ်သည်။ ထိုပိုးများက အစာကြေချက်စုပ်ယူမှုတွင် ကူညီသည်။ အစာလမ်းကြောင်းအတွင်း တော်ရုံနှင့် ရောဂါမရအောင် တစ်နည်းပြောရလျှင် ဝမ်းမီးမပျက်အောင် အကာအကွယ်ပေးသည်။ ခန္ဓာကိုယ်၏ ခုခံအားစနစ်ကိုလည်း အားကောင်းစေသည်။ သို့ဖြစ်၍ အကျိုးပြုပိုးများပါသော ဒိန်ချဉ်၊ ချဉ်ဖတ်၊ ရှမ်းချဉ် စသည်တို့မှာလည်း စားသင့်သော အာဟာရများ ဖြစ်ပါသည်။ အသက်ရလာလျှင် ဗီတာမင်ဓာတ်များ၊ သတ္တုဓာတ်များ အတော်အတန်စုံလင်အောင်ပါသော အင်္ဂါစုံ အားဆေးတစ်မျိုးမျိုးကိုလည်း မှီဝဲသင့်ပါသည်။ ယနေ့ခေတ် စိုက်ပျိုးရေးပုံစံက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့တွင် ဩဇာဓာတ်စုံလင်စွာပါစေဖို့ မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ အကယ်၍ ထိုအစာများမှာ ရှေးကလို ဩဇာဓာတ် ပြည့်ဝစွာပါမည်ဆိုလျှင် ဒေသနာဆေးပညာက ညွှန်းသော အစာကြေဆေးလောက်ဖြင့် အဆင်ပြေနိုင်ပါသည်။ ကျန်းမာရေးဆိုသည်မှာ ဆရာဝန် သို့မဟုတ် ဆေးဆရာလက်သို့ အပ်ထားရသည့် အရာမဟုတ်ဘဲ မိမိကိုယ်တိုင် တာဝန်ယူရသောအရာ ဖြစ်ပါသည်။ မိမိကိုယ်တိုင် ကျန်းမာရေးဗဟုသုတ ပြည့်စုံအောင်လေ့လာပြီး မိမိကိုယ်ကိုစောင့်ရှောက်ခြင်းဖြင့် ဝမ်းမီးမှန်သလို ကျန်းကျန်းမာမာဖြင့် အသက်ရှည်ပါလိမ့်မည်။ ။

**"သိပ္ပံဆေးပညာအရမူ ကင်ထားသည့်အစာများ အစားများလျှင် ကင်ဆာရောဂါ ဖြစ်နိုင်ခြေများသည်ဟုဆိုရာ မစားဘဲနေခြင်း သို့မဟုတ် လျှော့စားခြင်းက သဘာဝကျပါသည်။ အမျှင်ဓာတ်များသော သစ်သီးဝလံ ဟင်းသီးဟင်းရွက်တို့ကို အားပြုစားခြင်းက ဝမ်းတစ်လုံးကောင်းဖို့ အကျိုးပြုပါသည်။ တိုင်းရင်းဆေးပညာက ချိုချဉ်ငန်စပ်ဖန်ခါး ရသာခြောက်ပါး စုံအောင်စားဟု ဆိုထားခြင်းနှင့်လည်း ကိုက်ညီမှု ရှိပါသည်။ အစားအမျိုးစုံအောင်၊ မျှတအောင်စားခြင်းက အရေးကြီးသလို အတိုင်းအချင့်ဖြင့် စားခြင်းကလည်း အရေးကြီးပါသည်"**

# ပူတာအိုမြို့၌ (၇၃) နှစ်မြောက် ရဝမ်အမျိုးသားနေ့ အခမ်းအနားကျင်းပ၊ ပြည်သူတစ်ထောင်ခန့် ပါဝင်ဆင်နွှဲ

**ပူတာအို ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းနှင့် ပူတာအိုမြို့နယ် ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း၏ ဦးဆောင်မှုဖြင့် (၇၃)နှစ်မြောက် ရဝမ်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ် ခါကာဘိုရာဇီခန်းမနှင့် မနောကွင်း၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ ပြည်သူတစ်ထောင်ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးဂရူးယောနသန်က (၇၃)နှစ်မြောက် ရဝမ်အမျိုးသားနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး ပူတာအိုအခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းသီဟနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမယစ်ယောရှုတို့က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ ရဝမ်ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ရဝမ်အမျိုးသားနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဒူးလေးပစ်ပြိုင်ပွဲ၊ ရဝမ်စာပေဖြင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ လူမှုပရဟိတအဖွဲ့များနှင့် လူမှုဖွံ့ဖြိုးရေး ထမ်းဆောင်သူများအား ပူတာအိုအခြေချစစ်ဗျူဟာမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးနှင့် အဖွဲ့ဝင်များ၊ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပူတာအိုအခြေချစစ်ဗျူဟာမှူးက ပူတာအိုမြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း အတွက် အလှူငွေကျပ် ငါးသိန်းကို ထောက်ပံ့လှူဒါန်းပြီး မနောကွင်းတွင် ပြည်သူတစ်ထောင်ခန့်က အဓိးလမ်အက(မနောအက)ဖြင့် စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

ရဝမ်စာပေ ရရှိရေးအတွက် ဒေသအသီးသီးမှ ရဝမ်များ ပထမဆုံးအကြိမ် စုစည်းတွေ့ဆုံစည်းဝေးခဲ့သည့် ၁ ၉၄၉ ခုနှစ် ရဝမ်စာပေအစည်းအဝေးမှ စတင်ခဲ့သော ရဝမ်စာပေနေ့ ဒီဇင်ဘာ ၉ ရက်ကို



ရဝမ်အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခု (၇၃)နှစ်မြောက် ရဝမ်အမျိုးသားနေ့ကို ရဝမ်အမျိုးသားများ အတူတကွဝတ်ပြုနိုင်ရန်၊ အမျိုးသားစိတ်ဓာတ်ရှင်သန်ထက်မြက်ရန်နှင့် ရိုးရာဓလေ့စရိုက်များ ဆက်လက်ထိန်းသိမ်းသွားရန်၊ ရဝမ်အမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရန်၊ ရဝမ်အမျိုးသားများ ဘက်စုံဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြရန် ရည်ရွယ်ချက် (၄)ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းရှိ ဆင်များအတွက် ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းနိုင်

**မင်းဘူး ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း–ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်းရှိ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းမှ ဆင်များအတွက် ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းနိုင်ကြောင်း ဆင်စခန်းတာဝန်ခံ




လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင်ထံမှ သိရသည်။

"ဆင်စခန်းကို ယခုလက်ရှိမှာ အဆက်မပြတ် ဖွင့်လှစ်ထားပြီးတော့ ဆင် ၁၁ ကောင် ရှိပါတယ်။ ရွှေစက်တော်ဘုရား ပွဲတော်ချိန်မဟုတ်တော့ လာရောက်သူတော့ နည်းပါးတာပေ့ါ။ ဆင်စာအနေနဲ့က အွန်လိုင်းကနေတော့ လှူဒါန်းကျွေးမွေးတာတွေ ရှိပါတယ်။ ဆင်စာအခက်အခဲကတော့ ရွှေစက်တော်ဘုရားပွဲတော်ချိန်ကာလပြီးလို့ နွေဘက်ရာသီဥတုခြောက်သွေ့ချိန်လောက်ပဲခက်ခဲပြီး မိုးနဲ့ဆောင်းကတော့ ဆင်စားကျက်မြေ ကျယ်ဝန်းတဲ့အတွက် ဆင်ထိန်းတွေနဲ့အတူ တောထဲမှာ လွှတ်ကျောင်းထားရပါတယ်။ ဆင်စာကို အွန်လိုင်းကနေလည်း ဆက်သွယ်ပြီး လှူဒါန်းကျွေးမွေးနိုင်သလို ကိုယ်တိုင်လာရောက် ကျွေးချင်တယ်ဆိုရင်လည်း ကြိုတင်ချိတ်ဆက်ထားမယ်ဆိုရင် အဆင်သင့်ကျွေးနိုင်အောင် ပြင်ဆင်ပေးပါတယ်။ ဘုရားပွဲတော်ကာလမှာ ဆင်လိမ္မာတွေနဲ့အတူ ညှော့ခံပြီး ကပြဖျော်ဖြေတင်ဆက်မှုတွေ ဆောင်ရွက်နိုင်စေဖို့အတွက် ဆင်ထိန်းတွေနဲ့ ဆင်ဝန်ထမ်းတွေက လေ့ကျင့်သင်ကြားမှုတွေကို အမြဲမပြတ်ဆောင်ရွက်နေပါတယ်" ဟု ဆင်စခန်း တာဝန်ခံ လက်ထောက်မန်နေဂျာက ပြောသည်။

အဆိုပါ ဆင်စခန်း၌ ဆင်ထီးလေးကောင်၊ ဆင်မခုနစ်ကောင်၊ စုစုပေါင်း ဆင် ၁၁ ကောင်ရှိပြီး ဆင်ချစ်သူများအနေဖြင့် ဆင်စာဘူဖေး လှူဒါန်းကျွေးမွေးလိုပါက ငွေကျပ် ၃၀၀၀၀ မှစပြီး ကျပ် ၅၀၀၀၀ နှင့် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် သတ်မှတ်ထားကာ မိမိတို့တတ်နိုင်သောနှုန်းထားဖြင့် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်လှူဒါန်း ကျွေးမွေးနိုင်သလို ဆင်စခန်းသို့ ကိုယ်တိုင်လာရောက်ပြီး ကျွေးမွေးနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ ပြောင်းဖူး၊ ငှက်ပျောသီး၊ နာနတ်သီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီးနှင့် နေဗီယာမြက်များကို ဝယ်ယူကျွေးမွေးရပြီး အဓိကဖြည့်စွက်စာအဖြစ် ဆေးနှင့် စပါးများကိုလည်း ကျွေးမွေးရကြောင်း၊ ဆင်စခန်းသို့ လာရောက်သူနည်းပါးချိန်နှင့် ဆင်စာဘူဖေးအလှူရှင် နည်းပါးချိန်တို့တွင် ဆင်များကို ကြိုးပြင်ကာကွယ်တောအတွင်းရှိ စားကျက်မြေများတွင် ဆင်ထိန်းများဖြင့် လွှတ်ကျောင်းထားရကြောင်း၊ ဆင်စာများ လှူဒါန်းကျွေးမွေးလိုပါက ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း ဖေ့စ်ဘုတ်ပေ့ခ်နှင့် ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင် ဖုန်း (၀၉–၄၄၃၄၄၃၉၈၈) ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ဒီဇင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေ၀က်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်း လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေ၀က်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံ နှင့် မြစ်ငယ်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေ၀က်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေ၀က်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေ၀က်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေ၀က်မှတစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေ၀က်ခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေ၀က်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

**မိုး/ဇလ**



# ဖလားကိုင်မြှောက်ခွင့်ကိုယ်စီနဲ့ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ရောက် အသင်းလေးသင်းရဲ့လားရာ

လင်းလက်ကြယ်

ကာတာနိုင်ငံမှာ ကျင်းပနေတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကတော့ ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းမှာ ကွာတားဖိုင်နယ်အထိ ယှဉ်ပြိုင်ကစားခဲ့ပြီး ဖြစ်ပါတယ်။ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မထင်မှတ်ထားတာတွေ ဖြစ်လေ့ရှိတဲ့အတိုင်း ကွာတားဖိုင်နယ်ပွဲစဉ်တွေ ပြီးဆုံးချိန်မှာ နာမည်ကြီး ဘရာဇီး၊ ပေါ်တူဂီ၊ အင်္ဂလန်အသင်းတို့ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်တယ်။

ဒီဇင်ဘာ ၁၈ ရက်မှာ ဖလားကိုင်မြှောက်ခွင့်ကိုယ်စီနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို ခရိုအေးရှား၊ အာဂျင်တီးနား၊ မော်ရိုကိုနဲ့ ပြင်သစ်အသင်းတို့ ထိုက်ထိုက်တန်တန်တက်ရောက်နိုင်ခဲ့ပြီ ဖြစ်တယ်။ အထူးသဖြင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ တက်လှမ်းထားနိုင်ခဲ့တဲ့ ခရိုအေးရှားနဲ့ ပြင်သစ်အသင်းတို့ ပါဝင်လာတာ တွေ့ရတယ်။

## ခရိုအေးရှား

ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ကို တက်လှမ်းနိုင်ခဲ့တဲ့အသင်းတွေအနက် ခရိုအေးရှားအသင်းကို အရင်ဦးဆုံး စပြောရမယ်။ ခရိုအေးရှားအသင်းရဲ့ ကစားပုံကောင်းမွန်မှုရှိပေမယ့် ဖလားဆွတ်ခူးဖို့ ထင်ကြေးပေးခံနေရတဲ့ ဘရာဇီးအသင်းကို ကျော်ဖြတ်ဖို့ မလွယ်ကူတာကြောင့် ယခုနှစ်မှာ ကွာတားဖိုင်နယ်အဆင့်နဲ့သာ ကျေနပ်ရလိမ့်မယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက ယတိပြတ်သုံးသပ်ခန့်မှန်းထားပေမယ့် တကယ်တမ်း ကွာတားဖိုင်နယ်ယှဉ်ပြိုင်ကစားအပြီးမှာတော့ မှန်းချက်နဲ့နှမ်းထွက် မကိုက်ဖြစ်ခဲ့ရပြီး နာမည်ကြီး ဘရာဇီးအသင်းသာ ထွက်ခွာခဲ့ရကာ ခရိုအေးရှားအသင်းက ဆီမီးဖိုင်နယ် တက်လှမ်းထားနိုင်ခဲ့တယ်။

အဲဒီပွဲစဉ်မှာဆိုရင် ခရိုအေးရှားအသင်းက ဘရာဇီးအသင်းဘက်ကို ဂိုးကန်သွင်းခွင့် ကိုးကြိမ်သာရှိခဲ့တယ်။ ဒီပမာဏဟာ ပြိုင်ဘက်ဘရာဇီးအသင်း ဂိုးကန်သွင်းမှုပြုလုပ်ထားနိုင်တာထက် နှစ်ဆခွဲနီးပါးလောက်နည်းတယ်။ ဂိုးပေါက်တည့်မတ်မှုကိုကြည့်ရင်လည်း သာမန်ပွဲချိန်အတွင်းရော၊ အချိန်ပို မိနစ် ၃၀ အတွင်းပါ ထည့်ပေါင်းရင်တောင် တစ်ကြိမ်သာရှိတယ်။ အဲဒီတစ်ကြိမ်ကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ ခရိုအေးရှားက အောင်ပွဲခံနိုင်ခဲ့တာ ဖြစ်တယ်။

အဲဒီအချက်ကို ကြည့်ခြင်းအားဖြင့် ခရိုအေးရှားအသင်းရဲ့ ကျစ်လျစ်မှုနဲ့ ဂိုးသမား လီဗာကိုဗစ်ရဲ့ စွမ်းဆောင်ရည်ဟာ သာမန်ထက် ထူးထူးခြားခြား လုပ်ပြနိုင်စွမ်းရှိမှု ပေါ်လွင်နေတယ်။ ဒ့ါအပြင် အသက် ၃၇ နှစ် အရွယ်ရှိတဲ့ မိုဒရစ်ရဲ့ လုပ်အားနှုန်းကို မေ့ထားလို့ မရဘူး။ ကွင်းအတွင်း နေရာစုံရွေ့လျားနိုင်စွမ်းနဲ့ အသင်းဖော်တွေဆီကို ထိရောက်တဲ့ ပေးပို့မှုတွေအကြိမ်ကြိမ် ပြုလုပ်ထားနိုင်တယ်။

## မော်ရိုကို

မော်ရိုကိုအသင်းက နာမည်ကြီး ပေါ်တူဂီအသင်းကို အနိုင်ရရှိကာ အာဖရိကသမိုင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ကို ပထမဆုံးတက်ရောက်နိုင်တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်ပါတယ်။ အဲ့ဒီပွဲစဉ်မှာ မော်ရိုကိုအသင်းဟာ ဘက်စုံထောင့်စုံက သာလွန်နေတဲ့ ပေါ်တူဂီအသင်းကို ပွဲအစကတည်းက ချဉ်းကပ်ပုံမှန်မှန်နဲ့ တုံ့ပြန်ကစားသွားနိုင်တယ်။ ပြောမယ်ဆိုရင် ကစားသမားတိုင်းက စုစည်းမှုအားကောင်းမှုနဲ့အတူ ကျစ်ကျစ်လျစ်လျစ်နဲ့ လိုချင်တဲ့ရလဒ်ကို ပုံဖော်နိုင်စွမ်းရှိတာကြောင့် ပြိုင်ဘက်အသင်းအပေါ် မော်ရိုကိုအသင်းရဲ့ ချဉ်းကပ်ပုံက ယခင်ပွဲစဉ်တွေက မြင်တွေ့နေကျအတိုင်းပဲလို့ ပြောရင်လည်း မှားမယ် မထင်ဘူး။

ပြိုင်ဘက်အသင်းရဲ့ ဟန်ချက်ညီမှုနဲ့ ချိတ်ဆက်မှုကို ဖြတ်တောက်နိုင်စွမ်းရှိတာကြောင့်လည်း မော်ရိုကိုအသင်းရဲ့ ကျစ်လျစ်မာကျောတဲ့ ခံစစ်ချဉ်းကပ်ပုံနည်းဗျူဟာက လက်တွေ့ကျလာတယ်။ အသုံးဝင်လာတယ်။ ဒါကြောင့် မော်ရိုကိုအသင်းအနေနဲ့ ပြိုင်ပွဲတိုင်းသာ ဒီလိုမှန်ကန်တဲ့ ချဉ်းကပ်မှုမျိုး၊ ယုံကြည်မှုမျိုးနဲ့ ရင်ဆိုင်လာရင် ပြိုင်ဘက်တိုင်းကို အနိုင်ယူနိုင်စွမ်းရှိတယ်။

## အာဂျင်တီးနား

အာဂျင်တီးနားအသင်းက မက်ဆီ အထူးခြေစွမ်းပြမှုနဲ့အတူ နယ်သာလန်အသင်းကို ကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်ကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်တယ်။ အဲဒီပွဲစဉ်မှာဆိုရင် အာဂျင်တီးနားအသင်းဟာ ပွဲချိန်ပြည့်ခါနီးမှာ အနည်းငယ်ပေါ့လျော့ခဲ့တာကြောင့် ပယ်နယ်တီ အဆုံးအဖြတ်ခံယူရတဲ့အထိ ဖြစ်သွားခဲ့တယ်။

အာဂျင်တီးနားအသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို ငါးကြိမ်အထိ တက်လှမ်းထားနိုင်ပြီး ၁၉၈၆ (မက္ကဆီကို) နဲ့ ၁၉၇၈ (အာဂျင်တီးနား) နှစ်တွေမှာ ဖလားကိုင်မြှောက်ခွင့်ရရှိခဲ့တယ်။ ၂၀၁၄ (ဘရာဇီး)၊ ၁၉၉၀ (အီတလီ) နဲ့ ၁၉၃၀ ပြည့်နှစ်တွေမှာတော့ ဒုတိယနဲ့သာ ကျေနပ်ခဲ့ရတယ်။ ဒါကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှုနဲ့ ဝေးကွာနေတဲ့ အာဂျင်တီးနားအသင်း ယခုနှစ်မှာ ဘယ်အတိုင်းအတာထိ ဆက်လက်လုပ်ပြသွားနိုင်မလဲ စောင့်ကြည့်ချင်စရာ ကောင်းလာတယ်။

## ပြင်သစ်

လက်ရှိချန်ပီယံပြင်သစ်အသင်းက အင်္ဂလန်အသင်းကို အကြိတ်အနယ်ကစားပြီး နိုင်ပွဲရရှိခဲ့တာကြောင့် နောက်တစ်ဆင့်ကို တက်လှမ်းထားနိုင်ခဲ့တယ်။ အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းက ဟာနန်ဒက်စ်က လွဲပြီး အသင်းကစားသမားအားလုံး ကောင်းခဲ့တယ်။

ပြင်သစ်အသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲဗိုလ်လုပွဲကို သုံးကြိမ်အထိ တက်လှမ်းထားနိုင်ပြီး ၂၀၁၈ (ရုရှား) နဲ့ ၁၉၉၈ (ပြင်သစ်) မှာ ဖလားဆွတ်ခူးနိုင်ခဲ့ကာ ၂၀၀၆ (ဂျာမနီ) မှာတော့ ဒုတိယနဲ့ ကျေနပ်ခဲ့ရတယ်။

မည်သို့ပင်ဆိုစေ ယခုနှစ်ကမ္ဘာ့ဖလားမှာ ခရိုအေးရှားနဲ့ မော်ရိုကိုအသင်း ဖလားဆွတ်ခူးနိုင်ခဲ့ရင် ကမ္ဘာ့ဖလားသမိုင်းမှာ အမည်သစ် ရေးထိုးနိုင်မှာဖြစ်ပြီး အာဂျင်တီးနားနဲ့ ပြင်သစ်အသင်းတို့ ဖလားဆွတ်ခူးနိုင်ခဲ့ရင် စံချိန်မှတ်တမ်းသစ် ရေးထိုးသွားနိုင်မှာ ဖြစ်တယ်။ ■

# အမေရိကန်ဘောလုံးသတင်းထောက်တစ်ဦး ကာတာနိုင်ငံ၌ ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပနေစဉ် လဲကျသေဆုံး

အမေရိကန်နိုင်ငံမှ လူသိများသည့် ဘောလုံးသတင်းထောက်တစ်ဦးသည် ကာတာနိုင်ငံ၌ ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပနေစဉ် သေဆုံးသွားကြောင်း သိရသည်။

အသက် ၄၈ နှစ်အရွယ် ဂရန့်ဝေါလ်သည် သောကြာနေ့ညက အာဂျင်တီးနားနှင့် နယ်သာလန်အသင်းအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်၌ အချိန်ပိုစတင်ကစားချိန်တွင် လဲကျသွားခြင်းဖြစ်သည်။ ကနဦးအစီရင်ခံစာများအရ ထိုသို့လဲကျရခြင်းမှာ နှလုံးရောဂါနှင့် ပတ်သက်သည့် ရောဂါကြောင့်ဖြစ်နိုင်သည်ဟုဆိုသော်လည်း တရားဝင် အတည်ပြုနိုင်ခြင်း မရှိသေးပေ။

ပြီးခဲ့သည့်လက ဂရန့်ဝေါလ်ကို LGBT လူ့အခွင့်အရေးထောက်ခံသည့် သက်တံ့ရောင်ဂျာစီဝတ်ဆင်ကာ အားကစားကွင်းအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းသောကြောင့် ကာတာအာကာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း သိရသည်။ အဆိုပါ ဘောလုံးသတင်းထောက်၏ သတင်းနှင့်ပတ်သက်ပြီး အမေရိကန်ဘောလုံးအဖွဲ့ချုပ်က ဝမ်းနည်းတုန်လှုပ်မိကြောင်း ပြောသည်။

ဂရန့်ဝေါလ်သည် ၎င်းမလဲကျမီ တစ်ရက်အလို ကြာသပတေးနေ့တွင် အသက် ၄၈ နှစ်ပြည့်မွေးနေ့ပွဲကို အပေါင်းအသင်းများနှင့်အတူ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ဘောလုံးသတင်းထောက် သေဆုံးမှုနဲ့ပတ်သက်ပြီး ဖီဖာဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂီယန်နီ အင်ဖန်တီနိုက ဂရန့်ဝေါလ်၏ ဘောလုံးအပေါ် ချစ်မြတ်နိုးမှုက လွန်စွာကြီးမားကြောင်း ပြောသည်။

အောင်ဇော်



ပြီးခဲ့သည့်လက ကာတာတွင် အလုပ်လုပ်နေသည့် ဘောလုံးသတင်းထောက် ဂရန့်ဝေါလ်။

# ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ကို မော်ရိုကိုမှ ဆာအစ် ဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိ

ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်၌ ပေါ်တူဂီအသင်းကို သမိုင်းဝင်နိုင်ပွဲရရှိခဲ့သော ပွဲစဉ်တွင် မော်ရိုကိုအသင်းမှ ခံစစ်ကစားသမား ရိုမန်ဆာအစ်သည် ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင်ကစားမည့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

မော်ကိုရိုအသင်းသည် ပေါ်တူဂီအသင်းကို အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်တက်လှမ်းနိုင်ခဲ့သည့် ပထမဆုံး အာဖရိကကိုယ်စားပြုအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မော်ရိုကိုအသင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်၌ ပြင်သစ်အသင်းနှင့် ရင်ဆိုင်ကစားရမည် ဖြစ်သည်။

အောင်ဇော်



# ပုဂံယဉ်ကျေးမှုဒေသမှ ဟိုတယ်များ ခရီးသွားရာသီတွင် ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထား

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဒီဇင်ဘာနှစ်သစ်ကူးကာလနှင့် ပွဲတော်ကာလတွင် မြန်မာတို့၏ အသည်းနှလုံးဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်များသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားတို့အား ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရန် အပြိုင်အဆိုင် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးရာ ပုဂံဒေသ၌ ခရီးသွားလုပ်ငန်းများ ရပ်နားထားခဲ့ရပြီး ယခုနှစ်တွင် နိုင်ငံတော်မှ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပြန်လည်မြှင့်တင် ဆောင်ရွက်ခဲ့ရာ သီတင်းကျွတ်နှင့် တန်ဆောင်တိုင် ပွဲတော်ကာလမှစတင်၍ဘုရားစေတီများ၊ ပုဂံ၊ အင်းလေး၊ ပင်းတယနှင့် အပန်းဖြေစခန်းများတွင် ခရီးသွားများ စည်ကားခဲ့ပြီး ဒေသခံတို့၏ စီးပွားရေး အခွင့်အလမ်းများ ပွင့်လင်းခဲ့သည်။

"ပုဂံကို ရှုံးဖွင့်ရက်ရော ပိတ်ရက်တွေမှာပါ လာရောက်လည်ပတ်ကြတယ်။ လူမပြတ်ဘူး။ နိုင်ငံခြားခရီးသွားလည်း လေကြောင်းနဲ့ရော ကုန်းလမ်းကပါ အောက်တိုဘာလကစပြီးဝင်တာ အခု ဒီဇင်ဘာလအထိပါ။ အခါကြီး၊ ရက်ကြီး ပိတ်ရက်ရှည်ဆိုရင် ပြည်တွင်းခရီးသွားများတယ်။ ခရစ္စမတ်နဲ့ နှစ်သစ်ကူးမှာ လာရောက်လည်ပတ်ဖို့ ဟိုတယ်၊ မိုတယ်တွေက ဒေသအစားအစာနဲ့ ဖျော်ဖြေရေးပါ တွဲပြီး ဝန်ဆောင်မှုပုံစံအသစ်တွေနဲ့ ပရိုမိုးရှင်းပေးဖို့ ကြိုတင်ပြင်ဆင်နေပါပြီ။ နောင်နှစ်သကြ်န်ကာလအထိ ခရီးသွားတဖွဲဖွဲဝင်မှာဖြစ်တဲ့အတွက် ဟိုတယ်၊ မိုတယ်နဲ့ တည်းခိုခန်းတွေမှာ နှစ်သစ်ကူး ပွဲတော်အတွက် အခန်းတွေ ကြိုတင်ယူထားကြပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စိတ်အေးချမ်းသာစွာတည်းခို လည်ပတ်နိုင်ရန် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၅၄ လုံးနှင့် စည်ပင်သာယာက ကြီးကြပ်ဆောင်ရွက်သည့် တည်းခိုခန်းပေါင်း ၇၅ ခုရှိကြောင်း သိရသည်။

"ပုဂံမှာ ခရီးသွားလုပ်ငန်းက အဓိကဆိုတော့ ခရီးသွားဝင်ရောက်ဖို့ဆိုရင် အပြိုင်အဆိုင် ဝန်ဆောင်မှုပေးကြတယ်။ လာမယ့် နှစ်ဆန်းပိုင်း ပြာသိုလပြည့် အာနန္ဒာ ဘုရားပွဲမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှု များနိုင်တယ်။ ဒီဇင်ဘာနှစ်သစ်ကူးမှာလည်း ခရီးသွားတွေ ဝင်လာဖို့ရှိတာကြောင့် ဟိုတယ်တွေမှာ ကြိုတင်အခန်းတွေ ယူနေကြပါပြီ။ အချို့ဆိုရင် မိသားစုလိုက်ယူထားကြတယ်" ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုနှစ် ခရီးသွားရာသီအတွက် မိသားစုလိုက်ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းများဖြင့်ဖြစ်စေ အုပ်စုဖွဲ့တည်းခိုနိုင်ရန် နံနက်စာအပါအဝင် အဲကွန်းခန်းကို တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ ဝန်ဆောင်မှုပုံစံသစ်ဖြင့်လည်းကောင်း၊ စားသောက်ခန်း၌ မြန်မာ့ဆိုင်းဝိုင်းနှင့် တေးဂီတအပါအဝင် ပုဂံယဉ်ကျေးမှု အငွေ့အသက်တို့ ပါဝင်သော ဖျော်ဖြေမှုတို့ဖြင့်လည်းကောင်း ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။ **ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ဇွဲမာန်**




၂၀၂၂ ခုနှစ် ခရီးသွားရာသီအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားများဖြင့် စည်ကားခဲ့သည်ကို တွေ့ရစဉ်။



# လေးမျက်နှာ - ကျုံပျော်လမ်း အဆင့်မြှင့်တင်

**လေးမျက်နှာ ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခေါင်းနီးကွင်းကျေးရွာမှ ကျုံပျော်မြို့နယ် မျက်နီးကွင်းကျေးရွာသို့ ဆက်သွယ်ထားသော အရှည်ပေ ၂၀၀ ရှိ သံကူကွန်ကရစ်တံတား ဆောက်လုပ်ပြီးစီးသောကြောင့် မြို့နယ်ချင်းဆက်လမ်းအဖြစ် အရှည်ပေ ၄၈၀၀၊ အကျယ် ပေ ၂၀ နှင့် ထု သုံးပေရှိ မြေသားလမ်းကို တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်ပြီးစီးပါက ကျောက်ချောလမ်းအဖြစ် အရှည် ပေ ၈၅၀၊ အကျယ် ပေ ၂၀ နှင့် ထု ကိုးလက်မလမ်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ၁၀၀ ဒသမ ၅ သန်းဖြင့် ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာ ၁၁ ရွာရှိ အိမ်ခြေ ၅၅၀ ခန့်နှင့် လူဦးရေ ၃၀၀၀ ကျော်အား တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်လင်းထံမှ သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

# မိုးကောင်းမြို့၌ တက္ကသိုလ်ဝင်အောင်ချက် မြင့်မားရေးအတွက် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ပြန်လည်သင်ကြားပို့ချ

**မိုးကောင်း ဒီဇင်ဘာ ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား ပြန်လည်သင်ကြား ပို့ချခြင်းကို အထက-နောင်ကိုင်တော် ကျောင်း၌ ဒီဇင်ဘာ ၁၀ ရက်က ဆောင်ရွက်သည်။

၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်ပေးစည်းမျဉ်းနှင့် အညီ ဖြေဆို အောင်မြင်နိုင်ရေးနှင့် အောင်ချက် မြင့်မားစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်က သင်ကြားပို့ချသည့် ဘာသာရပ်တိုင်းကို အာရုံစိုက်လေ့လာမှတ်သားပြီး ယခင်နှစ်ထက် အောင်ချက် မြင့်မားစေရန် ကြိုးစားစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ပြည်နယ်အဆင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တွင် တက္ကသိုလ်ဝင် အောင်ချက် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသော အထက်တန်းပြဆရာ ဆရာမ ၁၅ ဦးက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်နှင့် သမိုင်း ဘာသာများအလိုက် မြို့နယ်ကျောင်းပေါင်းစုံမှ တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများအား နှစ်ရက်တာကာလ မြို့နယ်အဆင့် ပြန်လည်ပို့ချမည် ဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားကို မနောပွဲတော်၊ ဒေသထုတ်ကုန်ပြခန်းများဖြင့် စည်ကားစွာကျင်းပမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၁**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် ကချင်ပြည်နယ်နေ့သည် (၇၅)နှစ်မြောက် စိန်ရတုနှစ်ဖြစ်သည့်အတွက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားတွင် မနောပွဲတော်၊ ဒေသထုတ်ကုန်ပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်ခဲ့ကြသည်။

အစည်းအဝေးတွင် စိန်ရတုကချင်ပြည်နယ်နေ့ ကျင်းပရေး ဦးစီးကော်မတီနာယကက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့ပြီးနောက် ၆ ရက်အကြာတွင် ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုနေ့မှစတင်၍ ကချင်ပြည်နယ်နေ့ကို နှစ်စဉ်ကျင်းပခဲ့သည်မှာ လာမည့် ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်မြောက် စိန်ရတုနှစ်သို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်နေ့သည် ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအားလုံး၏ အထိမ်းအမှတ်နေ့ဖြစ်သည့်အပြင် လာမည့် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားကို မနောပွဲတော်ဖြင့် ထူးခြားစည်ကားစွာ ကျင်းပပြုလုပ်နိုင်ရေး ဆပ်ကော်မတီအသီးသီး အနေဖြင့် လုပ်ငန်းတာဝန်များအလိုက် ကြိုတင်စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ဆပ်ကော်မတီအသီးသီးမှ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အခမ်းအနားကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ ကြိုတင်ပြင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် မနောပွဲအကဖြင့် ဆင်နွှဲနိုင်ရေး၊ တိုင်းရင်းသားရိုးရာ အကပဒေသာဖြင့် ကပြဖျော်ဖြေနိုင်ရေး၊ ဌာနဆိုင်ရာပြခန်းများအပါအဝင် ဒေသထုတ်ကုန်ပြခန်းများ ပြသနိုင်ရေး၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ အပ်နှင်းရေး စသည်တို့အပါအဝင် လိုအပ်သည်များကို ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



ပြည်နယ် (ပြန်/ဆက်)

# ရန်ကုန်မြို့ရှိ စီးတီးတက္ကစီပိုင်ရှင်များ ရန်ကုန်စီးတီးတက္ကစီအသင်းဝင်အဖြစ် လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်မြို့၌ ပြေးဆွဲလျက်ရှိသည့် စီးတီးတက္ကစီအငှားယာဉ်ပိုင်ရှင်များအနေဖြင့် ရန်ကုန်စီးတီးတက္ကစီအသင်းဝင်အဖြစ် လျှောက်ထားနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရန်ကုန်စီးတီးတက္ကစီအသင်းကို တရားဝင်အသင်းအဖြစ် အသင်းဖွဲ့စည်းမျဉ်းတွေနဲ့အညီ အလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်ပွဲ ကျင်းပခဲ့ပြီးဖြစ်ပါတယ်၊ လက်ရှိမှာ အသင်းဝင် ၃၀၀ ကျော်ရှိပြီး အမှုဆောင်ရွေးချယ်ပွဲမှာ သူတို့တွေ လာရောက်မဲပေးရွေးချယ်ပေးခဲ့ကြပါတယ်၊ ကျန်တဲ့ ရန်ကုန်မြို့ရှိ စီးတီးတက္ကစီပိုင်ရှင်များအနေနဲ့လည်း ရန်ကုန်စီးတီးတက္ကစီ အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် တက္ကစီအငှားယာဉ်ပြေးဆွဲခြင်းလုပ်ငန်းအားလုံးကို စည်းကမ်းထိန်းသိမ်းရန်နှင့် စနစ်တကျ ခရီးသည်ပို့ဆောင်ရေးကို ယုံကြည်စိတ်ချစွာဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန် ရန်ကုန်စီးတီးတက္ကစီအသင်းကို ဒီဇင်ဘာ ၃ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အသင်းရုံး၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အလုပ်အမှုဆောင်ရွေးချယ်ပွဲတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် အလုပ်အမှုဆောင်ကော်မတီများ ရွေးချယ်ခဲ့ကြသည်။

"အသင်းဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ သွားလာနေတဲ့ တက္ကစီယာဉ်တွေ စည်းကမ်းထိန်းသိမ်းနိုင်ဖို့၊ စနစ်တကျနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်းသွားလာဖို့၊ မြို့တော်အင်္ဂါနဲ့ညီတဲ့ ယာဉ်တွေဖြစ်ဖို့၊ စနစ်တကျနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စတွေမှာ စနစ်တကျနဲ့ ဆောင်ရွက်နိုင်ဖို့၊ စီးတီးတက္ကစီယာဉ်ပိုင်ရှင် အသင်းဝင်တွေရဲ့အကျိုးအတွက် သူတို့ရဲ့ လိုအပ်ချက်တွေ တရားဝင်တင်ပြနိုင်ပြီး ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ ဒါတွေက အဓိက ရည်ရွယ်ချက်တွေပဲ ဖြစ်ပါတယ်" ဟု ဦးလျန်ကျင့်မန်က ဆက်လက် ပြောကြားသည်။

လက်ရှိတွင် ရန်ကုန်မြို့၌ ပြေးဆွဲနေသော စီးတီးတက္ကစီအငှားယာဉ် ခြောက်သောင်းကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ သိရသည်။



**အာကာလင်း၊ဓာတ်ပုံ-တင်စိုး**

# လှည်းကူးမြို့နယ်၌ မဇ္ဈိမလင်္ကာရ သာမဏေကျော်စာမေးပွဲကျင်းပမည်

**လှည်းကူး ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ စီမံဦးဆောင်၍ မဇ္ဈိမလင်္ကာရသာမဏေကျော်စာမေးပွဲကို ဒီဇင်ဘာ ၁၇၊ ၁၈၊ ၁၉ ရက်များတွင် မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာနှင့် သာသနာ့ရိပ်သာရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦးဗိမာန်တို့၌ စာဖြေဌာနနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကို ပရိယတ္တိသာသနာတော် တည်တံ့ခိုင်မြဲစည်ပင်ပြန့်ပွားစေရန်နှင့် သာသနာ့အာဇာနည်အရှင်မြတ်များ တိုးပွားစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုရှိ မြို့နယ်ပေါင်း ၇၅ မြို့နယ်၊ ကျောင်းပေါင်း ၁၇၇ ကျောင်းမှ စာဖြေသံဃာပေါင်း ၁၁၂၉ ပါးနှင့် စာဖြေသီလရှင်ပေါင်း ၈၁ ပါး စုစုပေါင်းအပါး ၁၂၁၀ တို့ ဝင်ရောက်ဖြေဆိုမည်ဖြစ်ကာ ပထမအဆင့်စာမေးပွဲတွင် ၁၆၅ ပါး၊ ဒုတိယအဆင့်စာမေးပွဲတွင် ၅၈ ပါး၊ တတိယအဆင့်စာမေးပွဲတွင် ၉၈၇ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ မှော်ဘီမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ ဝင်ရောက်ဖြေဆိုမည့် စာဖြေသံဃာ၊ သာမဏေ၊ သီလရှင်များသည် သာသနာ့ရိပ်သာရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦးစာဖြေဌာနတွင် ဖြေဆိုရမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ စာဖြေသံဃာ၊ သာမဏေ၊ သီလရှင်များမှာ မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာတွင် ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးမိုးလှိုင်**

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ဆေးပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

**လောက်ကိုင် ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် စံချိန်စံညွှန်းပြည့်မီသောဆေးဝါးများနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေးအတွက် အမှတ်(၁) ရပ်ကွက်အတွင်းရှိ ဆေးဆိုင်၊ ဆေးခန်းများ၊ စူပါမားကတ်များနှင့် ကုန်စုံဆိုင်များကို မြို့နယ်ကျန်းမာရေးဌာန ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရန်ပုံငွေရှာဖွေထိန်းသိမ်းရေးအဖွဲ့နှင့် ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းပြီး ဒီဇင်ဘာ ၉ ရက်က ရှောင်တခင်ကွင်းဆင်းစစ်ဆေးသည်။

စစ်ဆေးရေးအဖွဲ့ဝင်များသည် ဆေးဆိုင်၊ ဆေးခန်း၊ စူပါမားကတ်နှင့် ကုန်စုံဆိုင်များ၏ လုပ်ငန်းဆိုင်ရာ အထောက်အထားများနှင့် သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များကို စစ်ဆေးကြည့်ရှုကြပြီး ဆေးဆိုင်များ၊ ဆေးခန်း၊ စူပါမားကတ်နှင့် ကုန်စုံဆိုင်များမှ တာဝန်ရှိသူများအား ဆေးဘက်ဆိုင်ရာလုပ်ငန်းနှင့် စားသောက်ကုန်ဆိုင်ရာလုပ်ငန်းများ ကြီးကြပ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးကာ သတ်မှတ်ထားသော စည်းမျဉ်းများအတိုင်း လိုက်နာကြရန်အသိပေးပြောကြားခဲ့ကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ဆေးဝါးပစ္စည်းများကို စံချိန်စံညွှန်းပြည့်မီစေရန်နှင့် ဆေးဆိုင်၊ ဆေးခန်း စသည့်ဆေးကုသရေးနေရာများ၌ ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသနေသော ဆရာဝန်များရှိ မရှိ စစ်ဆေးခြင်း၊ လုပ်ငန်းလိုင်စင်များကို ကြည့်ရှုစစ်ဆေးခြင်း၊ စားသောက်ကုန်များရောင်းချနေသော စူပါမားကတ်များနှင့် ကုန်စုံဆိုင်များကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ သက်တမ်းလွန်ပစ္စည်းများရောင်းချခြင်းနှင့် ကျန်းမာရေးကို ထိခိုက်စေမည့် အစားအသောက်များရောင်းချခြင်း ရှိ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မန်းရွှေစက်တော်ဘုရားအဝင် သုံးမိုင်လမ်း၌ မြောင်းကူးတံတားနှစ်စင်း တည်ဆောက်

**မင်းဘူး ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားအဝင် သုံးမိုင်လမ်း၌ မြောင်းကူးတံတားနှစ်စင်းကို ဘုရားပွဲတော် ဖွင့်ပွဲမတိုင်မီ အပြီးတည်ဆောက်လျက်ရှိကြောင်း ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

ထိုသို့တည်ဆောက်ရာတွင် မန်းရွှေစက်တော် ဘုရားအဝင် သုံးမိုင်လမ်းရှိ မိုင်တိုင်အမှတ် (၁/၅ – ၁/၆) မိုင်တိုင်အနီးတွင် (၅ x ၅ x ၄၀) ပေရှိ မြောင်းကူးတံတားတစ်စင်းနှင့် ချဉ်းကပ်လမ်းတစ်ဖက်ပေ ၁၅၀ စုစုပေါင်းပေ ၃၀၀ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မန်းရွှေစက်တော်ဘုရားကြီး ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၄၅ ဒသမ ၇၁ သန်းဖြင့် လည်းကောင်း၊ အလားတူ မိုင်တိုင်အမှတ် (၂/၂– ၂/၃)မိုင်တိုင်အနီးတွင် (၅ x ၅ x ၄၀) ပေရှိ မြောင်းကူးတံတားတစ်စင်း၊ ချဉ်းကပ်လမ်း တစ်ဖက်ပေ ၁၅၀ စုစုပေါင်းပေ ၃၀၀ ကတ္တရာလမ်း နှင့် မြေသားလမ်းရောခင်းခြင်းလုပ်ငန်းကို မန်းရွှေစက်တော်ဘုရားကြီး ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၄၄ ဒသမ ၃၃ သန်းဖြင့် လည်းကောင်း၊ စုစုပေါင်း မြောင်းကူးတံတားနှစ်စင်းကို အောက်တိုဘာ ၇ ရက်မှစတင်ကာ တည်ဆောက်လျက်ရှိကြောင်း မင်းဘူးခရိုင် လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြဦးမင်းသူက ပြောသည်။ **မောင်မောင်(မင်းဘူး)**

# ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ဆီမီးဖိုင်နယ်ပြိုင်ပွဲပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၁**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနခွဲများမှ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစား ဝါသနာရှင်များလာရောက်ကြည့်ရှုအားပေးကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ဘော်လီဘော(အမျိုးသမီး)ဆီမီးဖိုင်နယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဘော်လီဘော (အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်သင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး) တတိယလုပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း ဘော်လီဘော (အမျိုးသား) တတိယလုပွဲ ပွဲစဉ်များအဖြစ် ကရင်ပြည်နယ်အသင်း ဖြစ်၍ မည်သူမဆို အခမဲ့လာနှင့် နေပြည်တော်အသင်းတို့ ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း ဆက်လက်ယှဉ်ပြိုင် ကစားကြမည် သိရှိရသည်။ **အားကာမောင်**

# မူဆယ်မြို့၌ အသက် ၇၀ အထက် အဘိုးအဘွားများနှင့် အခြေခံလူတန်းစားများအား ဆန်၊ ဆီနှင့် စားသောက်ကုန်များလှူဒါန်း

**မူဆယ် ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် မြို့၌ ဒီဇင်ဘာ ၁၀ ရက်တွင် အသက် ၇၀ အထက် အဘိုးအဘွားများနှင့် အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆေး၊ ဆားအပါအဝင် စားသောက်ကုန်များနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းပွဲပြုလုပ်သည်။

ထိုသို့ထောက်ပံ့လှူဒါန်းပေးရာတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ ကိုရဲမြင့်သူ + နန်းယဉ်မေဖူး တို့၏သားကြီး မောင်ကောင်းစစ်သွေး (ခ) ဖေးဖေး၏နှစ်နှစ်ပြည့် မွေးနေ့အလှူအဖြစ် အခြေခံလူတန်းစားများ စုစုပေါင်း အိမ်ထောင်စု ၂၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်၊



ဆီ၊ ဆေး၊ ဆား၊ ခေါက်ဆွဲထုပ်၊ ငါးသေတ္တာ၊ ကြက်ဥ၊ ဖယောင်းတိုင်နှင့် အလှူငွေကျပ် ၂၀၀၀ စီ ထောက်ပံ့လှူဒါန်းပေးသည်။ ဆက်လက်၍ မွန်းလွဲပိုင်းတွင် မူဆယ်မြို့နယ် တုန်ခန်ကျောင်း ဆရာတော်များက အသက်ကြီး အဘိုးအဘွားများနှင့် အခြေခံလူတန်းစားများ စုစုပေါင်း အိမ်ထောင်စု ၁၁၆ ဦးစာအတွက် တစ်အိမ်ထောင်လျှင် ဆန်၊ ဆီ၊ ဆေး၊ ဆားအပါအဝင် အလှူငွေကျပ် ၅၀၀၀ တို့ကို ထောက်ပံ့လှူဒါန်း ပေးသည်။

ကမ်းလက်ကူညီ ပရဟိတအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်လှအောင်က "အခုလို အဆင်မပြေတဲ့သူတွေ ကို အဆင်ပြေတဲ့သူတွေနဲ့ ချိတ်ဆက်ပြီး ကူညီခွင့်ရတဲ့အတွက်လည်း များစွာ ဝမ်းသာပီတိဖြစ်ရပါတယ်။ လူမှုအကျိုးပြုလုပ်ငန်းတွေမှာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာဝန်ထမ်းများနဲ့ ပရဟိတညီအစ်ကို မောင်နှမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနဲ့ အလှူရှင်များကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အဆိုပါအသက်၇၀အထက်အဘိုး အဘွားများနှင့်အခြေခံလူတန်းစားများအတွက် အလှူငွေနှင့် စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းပွဲကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ၁၀၅ မိုင် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**သန့်ဇင် (မြန်မာ့အလင်း)**

❑ ကျောဖုံးမှ

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲထိုးသတ်ရမည်ဖြစ်ပြီး တရုတ်နိုင်ငံသား ဖန်ရောင်နှင့် ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် နိုဝင်ဘာ ၁၉ ရက်ကမှ ဂျပန်နိုင်ငံသား အိုကာမီနှင့် ထိုးသတ်အပြီး နှစ်လမပြည့်မီမှာပင် နောက်ထပ်စိန်ခေါ်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။

အောင်လန်အန်ဆန်သည် နောက်ဆုံးထိုးသတ်ခဲ့သည့် အိုကာမီနှင့်ပွဲတွင် ပထမအချီမှာပင် အနိုင်ရထားသည်။ ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်ရယူနိုင်ရန် ပစ်မှတ်ထားနေသည့် အောင်လအန်ဆန်သည် ယခုစိန်ခေါ်ပွဲအနိုင်ရပါက ကမ္ဘာ့ချန်ပီယံဆု ပြန်လည်စိန်ခေါ်ခွင့်ရရန် အခွင့်အရေးပိုနီးစပ်လာ ဖွယ်ရှိနေသည်။

အောင်လအန်ဆန်နှင့် ထိုးသတ်မည့် ဖန်ရောင်မှာမူ ၂၀၁၉ ခုနှစ်ကမှ ONE Championship နှင့် လက်တွဲခဲ့ခြင်းဖြစ်ပြီး လေးပွဲထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။ ရှုံးနိမ့်ထားသည့်နှစ်ပွဲမှာ အောင်လအန်ဆန်နှင့် ထိုးသတ်ဖူးသည့် ဒီရစ်ဒါ (နယ်သာလန်) နှင့် ဘစ်ဒက်ရှ် (ရုရှား)တို့ဖြစ်ကြောင်း သိရသည်။ ဖန်ရောင်သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာတွင် နောက်ဆုံးထိုးသတ်ထားပြီး ၂၀၂၂ ခုနှစ် အတွင်း ပွဲထိုးထားခြင်းမရှိပေ။

ONE ON PRIME VIDEO 6 ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းများအဖြစ် ကစ်ဘောင်ဆင် ကမ္ဘာ့ချန်ပီယံလုပွဲများ ကျင်းပမည်ဖြစ်ပြီး လတ်တလော ထုတ်ပြန်ထားမှုအရ တွဲဆိုင်း ခုနစ်ပွဲပါဝင်မည်ဖြစ်ကာ ထပ်တိုးလာဖွယ်ရှိနေသည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ – ONE**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း ခြေစမ်းပွဲကစား

**ရန်ကုန် ဒီဇင်ဘာ ၁၁**

၂၀၂၂ AFF Cup ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင် အသင်းသည် ဒီဇင်ဘာ ၁၁ ရက် မြန်မာစံတော်ချိန် ည ၈ နာရီက ထိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။

**ခြေစမ်းပွဲသုံးပွဲကစား**

မြန်မာအသင်းသည် AFF Cup ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် အာဆီယံထိပ်သီးအသင်းဖြစ်သည့် လက်ရှိ AFF Cup ချန်ပီယံ ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၂၈ ရက်မှဒီဇင်ဘာ ၁၁ ရက်အထိ ထိုင်းနိုင်ငံ၌ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ထိုင်းကလပ်များဖြစ်သည့် ချောင်ဘူရီအသင်းကို လေးဂိုး-တစ်ဂိုး၊ ဆာမတ်ပရာကန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ထိုင်းလက်ရွေးစင်အသင်းကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**အမာခံကစားသမားများပွဲထွက်**

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ပြိုင်ပွဲအတွက် အသုံးပြုဖွယ်ရှိသည့်အမာခံကစားသမားများကို အသုံးပြုခဲ့ပြီး ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဇေယျာလင်း၊ ရဲမင်းသူ၊ ငြိမ်းချမ်း၊ နန္ဒကျော်၊ ရန်နိုင်ဦး၊ ကျော်မင်းဦး၊ အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ထိုင်းအသင်းကလည်း တီယာဆေးလ်ဒန်ဒါ၊ သီရာသွန်၊ အဒီဆတ် အပါအဝင် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။

ထိုင်းအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်မှာပင် ပယ်နယ်တီရခဲ့ပြီး ဒန်ဒါက အမှားအယွင်းမရှိကန်သွင်းခဲ့သဖြင့် ထိုင်းအသင်းဂိုးစတင်ရရှိခဲ့သည်။ ယင်းနောက်ပိုင်းတွင် ထိုင်းအသင်းက ပိုဖိကစားနိုင်သော်လည်း မြန်မာအသင်းမှာလည်း ဂိုးပြန်ရရန် ကြိုးပမ်းခဲ့သည်။ ၂၈ မိနစ်တွင် ထိုင်းအသင်း ဒုတိယဂိုးရခဲ့ပြီး ပန်ရာ၏ ကန်သွင်းချက်ကို မြန်မာဂိုးသမား ကျော်ဇင်ဖြိုးကာကွယ်ရာ ပြန်လျှံထွက်လာသောဘောလုံးကို ဘော်ဒင်ဖာလာက သွင်းယူခဲ့သည်။ မြန်မာအသင်း အနေဖြင့် ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း ပထမပိုင်းတွင် ထိရောက်သည့် တိုက်စစ်ဆင်မှုမပြုလုပ်နိုင်ဘဲ ပထမပိုင်းပြီးခါနီးတွင် နှစ်ဂိုးဆက်ပေးခဲ့ရသည်။ ၄၄ မိနစ်တွင် ဆူဖန်နန်၊ ၄၅+၂ မိနစ်တွင် ဆာရက်ယိုယန်တို့က နှစ်ဂိုးဆက် သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ထိုင်းအသင်းက လေးဂိုးပြတ် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင်လည်း ထိုင်းအသင်းကသာ ပွဲကိုထိန်းချုပ်ခဲ့ပြီး ၅၆ မိနစ်တွင် ဒန်ဒါက ပဉ္စမမြောက်ဂိုး သွင်းယူခဲ့ပြီး ၇၅ မိနစ်တွင် သီယာသွန်၏ ဖြတ်တင်ဘောကို မြန်မာနောက်ခံလူ ငြိမ်းချမ်း ဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ထိုင်းအသင်း ခြောက်ဂိုးမြောက်ဂိုး ရခဲ့ခြင်းဖြစ်သည်။

**တိုက်စစ်မြှင့်ကစား**

မြန်မာအသင်းသည် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ချေပဂိုးရအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ **ရဲရင့်လွင်**

❍ ကျောဖုံးမှ

အပေးအယူအချိတ်အဆက်မိမိဖြင့် ချဉ်းကပ်လာခဲ့ပြီး ရရှိလာသည့် အခွင့်အရေးကို ထိထိရောက်ရောက် အသုံးချနိုင်ခဲ့သည်။

ဦးဆောင်ဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် ပြင်သစ်အသင်းက စတင်ရရှိခဲ့ပြီး ချာအာမန်နီက သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် အင်္ဂလန်အသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၅၄ မိနစ်တွင် ရရှိခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဟယ်ရီကိန်းက သွင်းယူနိုင်ခဲ့သည်။ အဆိုပါသွင်းဂိုးကြောင့် အင်္ဂလန်အသင်း၏ ဂိုးအများဆုံးစံချိန်တင်သွင်းယူထားသူ ရွန်းနေ၏ ၅၃ ဂိုး စံချိန်ကို လိုက်မီခဲ့သည်။

ပြင်သစ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် ရရှိခဲ့ပြီး ဂျီရုဒ်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် အင်္ဂလန်အသင်း ပယ်နယ်တီ ကန်သွင်းခွင့်ထပ်မံရရှိခဲ့သော်လည်း ဟယ်ရီကိန်းကန်သွင်းသော်လည်း ဂိုးအပေါ် ကျော်သွားခဲ့သဖြင့် ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။

ထို့နောက်တွင် နှစ်သင်းစလုံး လူစားအပြောင်းအလဲများ ပြုလုပ်ကာ သွင်းဂိုးရရှိရေးကြိုးစားလာခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း မရှိသောကြောင့် ပြင်သစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ယခုပွဲအနိုင်ရရှိခဲ့သော ပြင်သစ်အသင်းသည် ဆီမီးဖိုင်နယ်တွင် မော်ရိုကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာနေသူများဖြစ်သည့် ယုနန္ဒာဗိုလ်၊ ဇင်အိအိကျော်နှင့် လက်ပြကျေးရွာနေ ဇာဇာဝင်း (ခ) မဇာ(ခ)ဝတုတ်တို့သည် ၎င်းတို့အသုံးပြုသည့် "Yu Nandar Bo" Facebook အကောင့်၊ "Zin Ei Ei Kyaw" Facebook အကောင့်နှင့် "Zar Zar Win" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်များ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ စားသောက်ကုန်များ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သတ်မှတ်ရက်ထက် ကျော်လွန်၍ လာရောက် ထုတ်ယူခြင်းမရှိသော လျှပ်စစ် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၂၄၆၁၀)ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာ(ID)နှင့် ကိုက်ညီမှုမရှိသော တံမြက်စည်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၇၂၁၂၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၉၆၇၃၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**တရားမဝင်သစ်မျိုးစုံဖမ်းဆီးရမိ**

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က မြဝတီ-ရန်ကုန် လမ်းကြောင်း တစ်လျှောက် ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ EPPEN တံဆိပ်ပါ အချိုမှုန့် ၂၈၅၀၀ ကီလိုဂရမ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၅၈၃၅၀၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသော မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ တိုင်းဒေသကြီးသစ်တော ဦးစီးဌာနဦးဆောင်သော ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များ အတွင်း တရားမဝင် သစ်မျိုးစုံ ၁၀ ဒသမ ၈၀၄ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၅၁၀၁၇၆)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၀၃၄၅၁၇၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၁၀ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် လေးစီးပေါ်ရှိ သံပီပါ အလုံး ၈၀ အတွင်းမှ ထိန်းချုပ် ဓာတုပစ္စည်းဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ၈၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေနှင့်အညီအရေးယူ**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အင်းစိန်ခရိုင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အဖွဲ့နှင့် မင်္ဂလာဒုံခရိုင် ရဲတပ်ဖွဲ့တို့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က အမှတ်(၃) လမ်းဆုံ ပူးပေါင်းစစ်ဆေးရေး ဂိတ်အနီး ရန်ကုန် - ပဲခူး လမ်းမပေါ်၌ ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင်တင်ဆောင်လာသော နွားထီး ၆၉ ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၀၀၀၀၀၀) နှင့် အဆိုပါ တိရစ္ဆာန်များ တင်ဆောင်သော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ နှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၉ ရက် နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု(ခန့်မှန်း တန်ဖိုးငွေကျပ် ၆၂၄၈၄၁၉၀၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ် မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သိရသည်။ **သတင်းစဉ်**



ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ ဖမ်းဆီးရမိမှု။

## မူဆယ်နှင့် သီပေါမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက် ညပိုင်းတွင် မူဆယ်မြို့နယ် ၁၀၅ မိုင်(မိုင်းယု)ကျေးရွာအုပ်စု ၁၀၅ မိုင် (မိုင်းယု)ကျေးရွာ အိုရီယမ်တယ် တိုးဂိတ်အနီး မနန်းအောင်ခန့်(ခ)ရှမ်းမ မောင်းနှင်လာသည့် MINI COOPER အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သီပေါမြို့နယ် နောင်အန်ကျေးရွာအုပ်စု ခိုလုံကျေးရွာ (၉)မိုင်လမ်းခွဲအနီး သီပေါ-မိုင်းရယ် ကားလမ်းတွင် သုခအောင် မောင်းနှင်ပြီး မညိုညိုစိန် (ခ) ဒေါ်ညို လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် **(အောက်ပုံ)** ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



## ချမ်းအေးသာစံမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ဒီဇင်ဘာ ၁၀ ရက်က နံနက် ၁၀ နာရီ ၁၅ မိနစ်က ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်း ပျော်ဘွယ်ရပ်ကွက် ၃၂ လမ်း၊ ၆၈ လမ်းနှင့် ၆၉ လမ်းကြား၌ မန္တလေး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ၃၂ လမ်းအတိုင်း အနောက်မှအရှေ့သို့ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈)နေ ဝင်းမြင့်ရိပ်ဦး(ခ) ဝင်းမြင့်(၂၅ နှစ်) မောင်းနှင်လာသည့် MDY 2G/xxxx နံပါတ်ပါ MARK-II ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်၍ အထောက်အထားတစ်စုံပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ချမ်းအေးသာစံမြို့နယ် အမှတ် (၃) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

တစ်အိမ်လုံးတွင်
မည်သူမျှ
မရှိနေချိန်၌
မလိုအပ်သော
လျှပ်စစ်အသုံးပြုမှု
အားလုံးကို
ပိတ်ခြင်းဖြင့်
လျှပ်စစ်ကို
ချွေတာသုံးစွဲပါ

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်(၂၉)ဇုန်၏ ထုတ်ကုန်ပစ္စည်းများပြပွဲကျင်းပခြင်း

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် (၂၉)ဇုန်၏ ထုတ်ကုန်ပစ္စည်းများပြပွဲကို မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ၁၅-၁၂-၂၀၂၂ ရက်နေ့ မှ ၁၈-၁၂-၂၀၂၂ ရက်နေ့များအထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၅ နာရီအချိန်အတွင်း ခင်းကျင်းပြသမည်ဖြစ်ရာ အများပြည်သူများအနေဖြင့် လာရောက်ကြည့်ရှုဝယ်ယူအားပေးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
စက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီ

## (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

မြေပုံ ဒီဇင်ဘာ ၁၁

ရခိုင်ပြည်နယ် မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေပုံမြို့ သဲတန်းရပ်ကွက်ရှိ ဆရာစံလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်မင်္ဂလာစည်တော်တီးခတ်၍ ဖွင့်လှစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဌေးက လမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မျိုးညွန့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးခင်မောင်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သည့် ဆရာစံလမ်း ကွန်ကရစ်လမ်းသစ်သည် အရှည် ပေ ၄၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၈ လက်မ ကွန်ကရစ်လမ်းသစ်ဖြစ်ပြီး ခွင့်ပြုငွေကျပ် ၂၃ ဒသမ ၈၅ သန်းဖြင့် ဆန်းလခြမ်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေ ပဲခူးမြို့၊ နန်းတော်ရာရပ်၊ ထန်းတပင် ၄ လမ်း၊ အမှတ် ၂၀၁၁နေ ဒေါ်လေးလေးနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဒေါ်လေးလေးနွယ်က ဒေါ်နုနုတင်(ဘ)ဦးအောင်စိန် ၇/သနပ(နိုင်)၀၇၉၇၁၆ ထံမှ ပဲခူးမြို့၊နန်းတော်ရာရပ်၊ ထန်းတပင် ၄လမ်း၊ အမှတ် ၂၀၁၂ ဟုခေါ်တွင်သည့် (၂၀)ပေ x(၆၀)ပေရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အားလုံးသည် ဒေါ်နုနုတင်သည်သာ အရှုပ်အရှင်းမရှိပိုင်ဆိုင်ပါကြောင်း စာချုပ်စာတမ်းများ၊ ကျမ်းကျိန်လွှာနှင့် မြေစာရင်းပုံစံ(၁၀၅)နှင့်(၁၀၆)ရေးကူးထားသည့် မြေပုံနှင့်တကွ စာရွက်စာတမ်းမူရင်းများကို ဝယ်သူဒေါ်လေးလေးနွယ်သို့ပေးအပ်၍ ၆-၆-၂၀၂၂ရက်တွင် မြေကွက်အရောင်းအဝယ်စရန်ပေးစာချုပ်အား သက်သေများရှေ့မှောက်၌ ချုပ်ဆို၍ မြေကွက်တန်ဖိုးသင့်ငွေ ကျပ် ၃၀၀၀၀၀၀၀ိ/-(ကျပ်သိန်းသုံးရာတိတိ)၏ အစိတ်အပိုင်း စရန်ငွေကျပ် ၂၄၀၀၀၀၀၀ိ/-(ကျပ်သိန်းနှစ်ရာ့လေးဆယ်တိတိ)အား လက်ခံရယူခဲ့ပါသည်။ အိမ်မြေကွက်အား လက်ရောက်ပေးမည်ဟု ကတိပြုခဲ့ပါသည်။

၂၀-၁၁-၂၀၂၂ရက်တွင် ခြံမြေအရောင်းအဝယ်ကတိစာချုပ်တစ်ရပ်အား တရားလွှတ်တော်ရှေ့နေနှင့် သက်သေများရှေ့မှောက်ရေးသားချုပ်ဆို လက်မှတ်ထိုး လက်ဗွေနှိပ်ပြီးမှ လက်ခံရယူပြီးသော ကျန်ငွေ ၆၀၀၀၀၀၀ိ/-(ကျပ်သိန်းခြောက်ဆယ်တိတိ)အား ရှေ့နေသို့ ပြန်လည်ပေးအပ်ခဲ့၍ ထွက်ခွာသွားပြီး အဆောက်အအုံအိမ်ကိုလည်းဖျက်၍မပေးပါ။ စာချုပ်တွင် ရောင်းသူက ဖျက်မပေးပါက ဝယ်သူလာဖျက်၍ မြေကွက်ယူပါကလည်း ရောင်းသူက ကြည်ဖြူစွာလက်ခံပါမည်ဟု ပါရှိသော်လည်း မြေရောင်းသူ၏ မိခင်က အကြောင်းအမျိုးမျိုးပြ ကန့်ကွက်ပြီး နေအိမ်ပေါ်တွင် တက်ရောက်နေထိုင်ပါသည်။

အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လေးလေးနွယ်မှ ဝယ်ယူထားပြီးသည့် မြေကွက်အား အခြားသူတစ်ပါးသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ရောင်းသူ ဒေါ်နုနုတင်အား အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုရန် ပြင်ဆင်နေပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်လေးလေးနွယ်၏ လွှဲအပ်ချက်အရ-

| | | |
|---|---|---|
| ဦးအောင်ထွန်း | ဒေါ်ဖွေးဖွေးသဲ | ဒေါ်ခိုင်ခင်သူ |
| B.A(Law)LL.B | LL.B | LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၆၉၀/၈-၈-၁၉၇၈) | (စဉ်-၁၀၄၆၄) | (စဉ်-၁၆၉၁၀) |

U AUNG HTUN AND LEGAL GROUP LAW FIRM
ရုံးခန်း-အမှတ်(၁၄၄)၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့
ဖုန်း-၀၉-၅၃၀၁၇၅၇

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၁/ခ)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ(၂.၃)ဧကထဲမှ အရှေ့(၇၆)ပေ၊ အနောက်(၇၆)ပေ၊ တောင်(၈၀)ပေ၊ မြောက်(၈၀)ပေ၊ (လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နန်းမိုခမ်း ၁၃/မမတ(နိုင်) ၀၃၅၂၀၄ထံမှ ဦးရာမ်းကူးမားရ်၁/ဝမန(နိုင်)၀၅၆၆၂၈နှင့် ဦးဂီရီဒါရီ(ခ)ဆူဒါဆန် ၁/မကန(နိုင်) ၁၂၄၆၂၄တို့မှ (အရပ်ကတိစာချုပ်)ဖြင့် ဝယ်ယူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားချက်အရ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးရာမ်းကူးမားရ် | ဦးနေမျိုးဇော်(LL.B,D.B.L) |
| ၁/ဝမန(နိုင်)၀၅၆၆၂၈ | တရားလွှတ်တော်ရှေ့နေ |
| ဦးဂီရီဒါရ်(ခ)ဆူဒါဆန် | "နိုင်"ဥပဒေအကျိုးဆောင် |
| ၁/မကန(နိုင်)၁၂၄၆၂၄ | အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့ |

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဒုတိယအဆင့် Level-2 (Top-7) ပွဲစဉ်(၁၄၊ ၁၅)တွင် ပြဋ္ဌာန်းတစ်ပတ်၊ စိတ်ကြိုက်တစ်ပတ် သီဆိုယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၇)ဦးဖြင့် ပြုလုပ်မည့် ပွဲစဉ်(၁၆) ဖျော်ဖြေရေး အစီအစဉ်နှင့် Result Show အတွက် ရွေးချယ်ထားသည့် အောက်ပါတေးသီချင်း(၇)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | နှင်းပွင့်သစ္စာ | ချင်းပြည်နယ် | (၁၆-၁၂-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၆) Result Show |
| ၂ | ဆောင်းကြာခြည် | ရန်ကုန်တိုင်းဒေသကြီး | |
| ၃ | လွမ်းသူ့ဆောင်း | ပဲခူးတိုင်းဒေသကြီး | |
| ၄ | ချစ်သောပဟေမာန် | ကရင်ပြည်နယ် | |
| ၅ | ဆောင်းအိပ်မက် | ကချင်ပြည်နယ် | |
| ၆ | ဒီနှစ်ဆောင်း | နေပြည်တော် | |
| ၇ | အမြတ်နိုးဆုံးနှင်း | ဧရာဝတီတိုင်းဒေသကြီး | |

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပြည်သာယာ(မ) ရပ်ကွက်တွင်ရှိသော ရွှေပြည်သာ အားကစားကွင်း၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ကို ဒီဇင်ဘာ ၁၀ ရက်က စတင်ကျင်းပသည်။ "တစ်ရက်ကို ပွဲစဉ် နှစ်ပွဲနှုန်းနဲ့ ဇန်နဝါရီ ၄ ရက်အထိ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲကို မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်တွေနဲ့ ကျေးရွာတွေက ပြိုင်ပွဲဝင် အသင်း ၂၄ သင်း လာရောက်ယှဉ်ပြိုင်ပါတယ်။ အခုလို ကျင်းပလာတာ (၅)ကြိမ်မြောက်ရှိပြီဖြစ်ပါတယ်" ဟု အဆိုပါ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးစောက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိကြသည့် အသင်းများအား ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် တတိယဆု ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည် -

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/94227 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကြည် ၈/ခမန(နိုင်)၀၇၉၆၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁၂-၂၀၂၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၇)ပါ ဦးဇော်ဝင်း ၁၂/သဃက(နိုင်)၁၁၆၆၆၈ နှင့် အများသိစေရန် ကြေညာချက်အပေါ် ပြန်လည် ရှင်းလင်းကြေညာခြင်း ကြော်ငြာတွင် အမြင့်ပေ(၂၀)ထပ်ရှိ နှစ်ထပ်(Steel Structure)အဆောက်အဦးအစား **အမြင့်ပေ(၂၀)ရှိ နှစ်ထပ် (Steel Structure) အဆောက်အဦး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ တောင်ပိုင်းရပ်ကွက်၊ သီတာလမ်းနေ(ဦးပြည်သိန်း)-ဒေါ်သန်းနွဲ့တို့၏သား မောင်ဇော်မင်းသိန်း ၁၀/ကထန(နိုင်)၀၆၇၁၆၄ သည် မိဘများ၏ ဆိုဆုံးမမှုများအား နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲမှုပေးသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်သန်းနွဲ့**
**၁၀/ကထန(နိုင်)၀၀၉၈၇၉**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

နွားထိုးကြီးမြို့နယ်၊ ပဲချက်အုပ်စု၊ ပဲချက်အနောက်ရွာမှ ဦးဘုန်းကျော် -ဒေါ်ခွေးတို့၏ သားဖြစ်သူ မောင်ရှိုင်းဝဏ္ဏကို ၉/နထက(နိုင်)၂၃၉၆၇၆ သည် မိဘဆိုဆုံးမမှုကို မနာခံသောကြောင့် သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စမှ (ဦးဘုန်းကျော်)-ဒေါ်ခွေးတို့နှင့် မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**မိခင်-ဒေါ်ခွေး**
**(ပဲချက်အနောက်ရွာ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ရမည်းသင်းမြို့၊ ကျောင်းတိုက်စုရပ်ကွက်၊ အိမ်အမှတ်(၈/၁၂၉)နေ ဦးကျော်တင် ၉/ရမသ(နိုင်)၀၁၁၅၃၁ -ဒေါ်ဝင်းစိန် ၉/ရမသ(နိုင်) ၀၁၀၁၂၁ တို့၏ သား မောင်ထိန်းလင်း ၉/ရမသ(နိုင်) ၁၀၄၉၃၉သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ၎င်းကို သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိဘ-ဦးကျော်တင်-ဒေါ်ဝင်းစိန်**

## အများသိစေရန်ကြေညာခြင်း

ရေနံမြေမြို့နေ ဒေါ်ဇေယျာဝင်း ၆/သရခ(နိုင်)၀၉၆၈၇၈ ပိုင်ဆိုင်သောလှေအား စစ်တွေမြို့နေသူ ဦးမြတ်အောင်ကျော် ၁၁/စတန(နိုင်)၁၃၀၃၅၃ မှ ဝယ်ယူလိုက်ပြီဖြစ်ပါကြောင်းနှင့် အဆိုပါစက်လှေအား ဦးမြတ်အောင်ကျော်မှ ဝယ်ယူပိုင်ဆိုင်သွားပြီဖြစ်၍ အဆိုပါလှေနှင့်ပတ်သက်ပြီးဖြစ်ပေါ်လာသည့် ကိစ္စမှန်သမျှသည် ဒေါ်ဇေယျာဝင်းနှင့်လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြတ်အောင်ကျော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် ၂၄၊ ဧရိယာ ၀ ဒသမ ၂၀၈ကေအား ဦးဇော်မင်းဦး၊ ဒေါ်ခင်စောမူ(ဘ)ဦးဝင်းဆောင်၊ ဦးသန်းမြင့် ၉/တကန(နိုင်)၀၀၀၁၉၃၊ ၉/စကတ(နိုင်)၀၀၀၆၇၀ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၃၈/၂၀၂၂၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီမြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ခမ္မစေတီ၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(၀ဒသမ၁၉၀)ကေအား၊ ဦးမြင့်ကျော်(ဘ)ဦးမောင်ကို ၉/တကန(နိုင်) ၁၁၂၁၂၄မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၁၄၃/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာ တမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်၊ ဦးပိုင်/မြေကွက်အမှတ်(၁၆၄/၃)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးမြင့်ဦး အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်စွာမင်း ၉/ပဗသ(နိုင်)၀၁၅၃၅၂မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၉လမ်း၊အမှတ် (၂၇၅)၊(၂)ခန်းတွဲ၊RC(၅)ထပ်တိုက် အဆောက်အအုံ၏ တတိယထပ်(၄)လွှာ၊ တိုက်ကို မျက်နှာမူလျှင်(ယာ)၊ ဧရိယာ (၆၂၁) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ထိုက်ထိုက်ညီမ်း (၈/တတက(နိုင်)၁၄၅၄၆၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်ထွင့်ရွှေရည် (၁၃/တကန(နိုင်)၂၇၃၉၆၇)က အပြီးအပြတ် ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ထွင့်ရွှေရည် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယအကြိမ် လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဝတ္တကမြေပေါ်ရှိ ဝန်ဆောင်မှုလုပ်ငန်းများအား ပထမအကြိမ် ၁၀-၁၂-၂၀၂၂ ရက်တွင် တင်ဒါဖွင့်ဖောက်ရာ တင်ဒါအောင်မြင်ခြင်းမရှိသော လုပ်ငန်းများကို ဒုတိယအကြိမ်အဖြစ် ၂၀-၁၂-၂၀၂၂ ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းလိုသောသူများ ဂေါပကအဖွဲ့ရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ၊**
**မင်းဓမ္မကုန်းတော်၊ ဂေါပကအဖွဲ့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်- ၅ ၊ နည်းဥပဒေ-၂၀) လပွတ္တာခရိုင်တရားရုံးတော် ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၇

| | | |
|---|---|---|
| GOOD BROTHERS' CO., LTD (၎င်း၏ကိုယ်စား ဦးမင်းမင်းထိုက်၊ ကြွေးမြီကောက်ခံရေး အရာရှိ) | နှင့် | (၁) ဦးဇော်နိုင်ဦး (၂) ဦးစိုးဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ သာလိကာကုန်းအုပ်စု၊ ရှမ်းကုန်းရွာနေ (ယခုနေရပ်လိပ်စာမသိသူများ) ဦးဇော်နိုင်ဦးနှင့် ဦးစိုးဝင်းတို့သိစေရမည်။

သင့်အပေါ်၌ တရားလို GOOD BROTHERS' CO.,LTD (၎င်း၏ ကိုယ်စား ဦးမင်းမင်းထိုက်၊ ကြွေးမြီကောက်ခံရေးအရာရှိ)က တရားပြိုင်များ၏ ပျက်ကွက်မှုအတွက်အာမခံသူတရားလိုကစိုက်ထုတ်ပေးဆပ်ရငွေ(၉၄၇၈၂၆၉)ကျပ် လျော်ကြေးငွေ(၃၈၅၃၅၂၄)ကျပ် စုစုပေါင်း ငွေ(၁၃၃၃၁၇၉၃)ကျပ် (တစ်ရာသုံးဆယ်သုံးသိန်းသုံးသောင်းတစ်ထောင်ခုနစ်ရာကိုးဆယ်သုံးကျပ်တိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဇန်နဝါရီ ၁၀ ရက် (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မျိုးမာလာခင် )**
**ဒုတိယခရိုင်တရားသူကြီး**
**လပွတ္တာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၀(က+ခ)၊ မြေကွက်အမှတ်(၂၃၄)၊ လူနေရပ်ကွက်အမှတ်(၁၆)၊ အိမ်အမှတ် ၅၁(ခ)၊ မာလာမြိုင်(၅)လမ်း၊ အကျယ်အဝန်း (၂၅x၅၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးထွန်းညို၊ ဒေါ်တင်ရွှေအမည်ပေါက်နှစ် (၆၀)ဂရန်မြေအမျိုးအစား မြေကွက်ကြီးအနက်မှ အကျယ်အဝန်း(၁၂ ၁/၂x၅၀)ပေရှိ အနောက်ဘက်(ခြေရင်းခြမ်း)မြေကွက်နှင့် အဆောက်အအုံအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဆန်းလွင်ထွန်း ၁၄/ခနဖ(နိုင်)၀၀၃၃၁၄မှနှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ဆက်စပ်စာချုပ်များအရ တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြု ငွေအနက်မှ အချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံတွင် ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဒါယူစီ အထက်တန်းရှေ့နေ (စဉ်-၅၃၀၉၇)**
**အမှတ်(၅၄/၅၆)၊ မာလာမြိုင်(၅)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၀၀၀၅၁၈၃**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ မြို့သစ်(၅)ရပ်၊ ရတနာသီရိလမ်းနေ ဒေါ်တင်လေး ၆/မအရ(နိုင်)၀၁၅၂၀၀ ပိုင်ဆိုင်သော လှေ အရှယ်အစားအလျား ၆၀xအနံ ၁၂xဇောက် ၅ ပေရှိ လှေ(၁)စင်းနှင့်၎င်းလှေတွင် တပ်ဆင်ထားသော ဝမ်းတိုင်စက်(၁)လုံးတို့အား စစ်တွေမြို့နေသူ ဦးမြတ်အောင်ကျော် ၁၁/စတန(နိုင်)၁၃၀၃၅၃ မှ ဝယ်ယူလိုက်ပြီဖြစ်ကြောင်းနှင့် အဆိုပါစက်လှေအား ဦးမြတ်အောင်ကျော်မှ ဝယ်ယူပိုင်ဆိုင်သွားပြီဖြစ်၍ အဆိုပါစက်လှေနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့် ကိစ္စမှန်သမျှသည် ဒေါ်တင်လေးနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြတ်အောင်ကျော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်( ၁/၂၀၂၂ ) ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ(၂) (၂၀၀)နေရာအတွက် အောက်ဖော်ပြပါ အနိမ့်ဆုံး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | အနိမ့်ဆုံး ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁ | အငယ်တန်းအင်ဂျင်နီယာ(၂) (လျှပ်/စက်) | A.G.T.I(EP) | ၁၅၀ | ၁၀ | ၁၆၀ |
| | | A.G.T.I(EC) | ၁၀ | ၆ | ၁၆ |
| | | A.G.T.I(IT) | ၁၀ | ၁၀ | ၂၀ |
| ၂ | အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) | A.G.T.I(Civil) | ၃ | ၁ | ၄ |
| | စုစုပေါင်း | | ၁၇၃ | ၂၇ | ၂၀၀ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၁၁-၂၀၂၂ ရက်တွင် အသက်( ၃၅ )နှစ် (ဝန်ထမ်းဖြစ်ပါက ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတစ်ခုခုတွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။

(င) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) အစိုးရဌာနတစ်ခုခုတွင် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်( Dismissal)ခြင်း၊ ရာထူးမှ ထုတ်ပယ်(Removal)ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားလိုသူများသည် စာမေးပွဲဝင်ကြေး ငွေကျပ် ၅၀၀၀/(ကျပ်ငါးထောင်တိတိ)ကို နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ငွေစာရင်းအမှတ် (SEE-10316)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်တွင် လျှောက်လွှာရယူ၍ ၂၆-၁၂-၂၀၂၂ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှယ်ဖြင့် ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည်-

(က) စာမေးပွဲဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း။

(ခ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်။)

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်။)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(သို့မဟုတ်)အမျိုးသားမှတ်ပုံတင်မိတ္တူ။

(င) လွန်ခဲ့သော(၃)လအတွင်းရိုက်ကူးထားသော ၁"x၁"ပတ်စ်ပို့ဓာတ်ပုံ (၁)ပုံကပ်ရန်။ (အပို(၂)ပုံ)(ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန် )

(စ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက တာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဌာန၏ ဖြေဆိုခွင့် ခွင့်ပြုချက်မူရင်း။

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့်(၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်မူရင်း။

(ဇ) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတွင် ခန့်ထားခြင်းခံရပါက နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင်လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့်ခွင့်ပြုချက်ရယူ၍ပေးပို့ရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အင်္ဂလိပ်စာဘာသာရပ်နှင့် အင်ဂျင်နီယာဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ပါသည်။

၉။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့် ရက်/အချိန်/နေရာနှင့် ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်/အချိန်/နေရာများကို နိုင်ငံပိုင်သတင်းစာများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင် ထပ်မံကြေညာပါမည်။

၁၀။ ရွေးချယ်ခြင်းခံရသူများသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အနည်းဆုံး (၅)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ငွေကျပ် ၁,၀၀၀,၀၀၀/(ကျပ်တစ်ဆယ်သိန်းတိတိ)ကို ပေးလျော်ရမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ဖုန်း-၀၆၇-၈၁၀၄၂၂၁၊ ၀၆၇-၈၁၀၄၂၁၉) တို့သို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

# မြန်မာဂေါက်သီးရိုက်အသင်းသားများ သိသာရန်

